Myanmar Magic Times
Issue (6), May 2015

မှော်ပညာနဲ့ပါဝါတွေထွက်နိုင်လေသလား
(MMT Discussion)

မှော်ခေတ်ရောက်ပါပြီ
www.kcb-center.com

KCB Center
မြန်မာ့ပထမဆုံးမှော်ပညာမျှဝေရေးဝဘ်ဆိုဒ်

Enchanted Life to Immortal
အပိုင်း(၄)

# ၇ ရက်သားသမီးများအတွက်တစ်လစာဟောစာတမ်း

**တနင်္ဂနွေသားသမီးများအတွက်** - စီးပွားရေးအလုပ်အကိုင်များ ပြန်လည်ပွင့်လန်းတိုးတက်လာမည်။ မိတ်ဆွေကောင်း၊ ဆရာသမားတို့ရဲ့ အကူအညီကိုရရှိမည်။ လက်ချော်ထားသော ငွေကြေးများ မရတော့ဘူးလို့ထင်ထားသော ငွေများပစ္စည်းများ ပြန်လည်ရရှိမည်။ အလုပ်အကိုင် ငွေကြေးကိစ္စတွေ ပြောဆိုသမျှအောင်မြင်မည်။ မိတ်ဆွေဟောင်း၊ သူငယ်ချင်းဟောင်းတွေနဲ့ ပြန်လည်ဆုံတွေ့ရမည်။ ကျန်းမာရေးအတွက် ဒီလထဲတွင် ခေါင်းကိုက်ခြင်း၊ မူးဝေခြင်းများဖြစ်တတ်သည်။ အိမ်ထောင်ရှိသူများ၊ ရန်တကျက်ကျက်ဇနီးမောင်နှံများ ပြန်လည်သင့်မြတ်မည့် ကာလပင်ဖြစ်သည်။ စိတ်ချမ်းမြေ့စရာကောင်းသော သာယာသော၊ နူးညံ့သိမ်မွေ့သော စကားလုံးများဖြင့် ကြည်နူးမှုတွေရရှိမယ့်အချိန်ပင်ဖြစ်သည်။ ချစ်သူမရှိသောသူများကတော့ ချစ်သူသစ်များ ရရှိလာမည်။ အချစ်စိတ်များနိုးကြားလာလိမ့်မည်။ ချစ်သူရှိသူများအတွက်ကတော့ မိမိချစ်သူကို အမြဲတမ်း ချော့နေရမည့် ကာလပင်ဖြစ်သည်။ ယခုလအတွင်း တနင်္ဂနွေသားသမီးများအနေနှင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအောင်မြင်တိုးတက်မှုများပိုမိုရရှိနိုင်အောင် ဘုရားမှာ သာသနာ့အလံ(၉)လက်တွင် "အောင်လံထိုး ဟိုးဟိုးကျော်" လို့ရေးပြီးဆုတောင်းပါ။

**တနင်္လာသားသမီးများအတွက်** - သာယာပြီး ပျော်ရွှင်စရာကောင်းသောခရီးများသွားရမည်။ နိုင်ငံရပ်ခြား အလုပ်ကိစ္စတွေ အဆင်ပြေအောင်မြင်မည်။ အရောင်းအဝယ်ကောင်းပြီး စီးပွားရေးများတိုးတက်လာမည်။ အမေ၊ အဖွား၊ အဒေါ်တွေရဲ့ ချစ်ခင်မှု ထောက်ပံ့မှုများရရှိမည်။ အလှကုန်ပစ္စည်းတွေ လက်ဆောင်ရရှိမည်။ ယခုကာလကတော့ လုပ်ငန်းတွေရဲ့ အကျိုးအမြတ် ဖြစ်ထွန်းမှုကို ခံစားရမည့်အချိန်ဖြစ်သည်။ ကျန်းမာရေးတွေ ကောင်းမွန်လာမည်။ အိမ်ထောင်သည်များ သားသမီးရတနာ ထွန်းကားလာမည်။ ချစ်သူမရှိသူများ ချောမောလှပခန့်ညားသောချစ်သူကို ပိုင်ဆိုင်ခွင့်ရရှိမည်။ ချစ်သူရှိသူတွေကတော့ ကိုယ့်ချစ်သူရဲ့ သဝန်တိုခြင်း၊ ချုပ်ချယ်ခြင်းတွေ ခံရမည်။ အလှကုန်ပစ္စည်းတွေ လက်ဆောင်ရရှိမည့်ကာလဖြစ်သည်။ ကောင်းမွန်တဲ့ ကံကြမ္မာကောင်းတွေရရှိပြီး ကံတရားရဲ့ မျက်နှာသာပေးမှုကို ရရှိမယ့်ကာလဖြစ်သည်။ တနင်္လာသားသမီးများ အတွက် စီးပွားရေး၊ လူမှုရေးတွေ ပိုပြီး တိုးတက်အောင်မြင်အောင် မိမိမွေးနေ့နံနက်ပိုင်းမှာ အိမ်ဘုရားတွင် နင်းဆီပန်း ၃ ပွင့်လှူဒါန်းဆုတောင်းပါ။

**အင်္ဂါသားသမီးများအတွက်**- စီးပွားရေးအလုပ်အကိုင်များ တိုးတက်အောင်မြင်မည့်ကာလဖြစ်သည်။ လုပ်ငန်းတွေ တိုးချဲ့နိုင်မည်။ အလုပ် (၂)မျိုး (၃)မျိုးလုပ်ကိုင်ရတတ်သည်။ ဘဝတစ်ဆစ်ချိုးပြောင်းလဲသွားမည့် အချိန်ဖြစ်သည်။ နိုင်ငံရပ်ခြားခရီးများ အောင်မြင်မည်။ လူမျိုးခြားအကျိုးပေးမည်။ ကူညီမှုတွေရရှိမည်။ အိမ်မှာ အလုပ်မှာ ပျားစွဲတဲ့ နိမိတ်တွေ သတင်းတွေ ကြားမြင်တွေ့ နေရတတ်သည်။ ကျန်းမာရေးအတွက်ကတော့ ခေါင်းမူးခေါင်းကိုက်တတ်သည်။ သွေးတိုးနှလုံးရောဂါတွေ ဖြစ်တတ်သည်။ ဆေးတိုးဆေးစားနေရမည့်ကာလဖြစ်သည်။ အိမ်ထောင်ရှိသူများအနေနှင့် ကောင်းမွန်ပြည့်စုံသော အိမ်ထောင်ရေးသုခတွေကို ပိုင်ဆိုင်ရရှိနေမယ့် အချိန်ကာလပိုင်းပင်ဖြစ်သည်။ ချစ်သူမရှိသေးသူများ ချစ်သူရရှိမည်။ ကိုယ့်ချစ်သူရဲ့ အခွင့်အရေးပေးခြင်းကို ခံရတတ်သည်။ ချစ်သူရှိသူများအတွက်ကတော့ မိုးမမြင်လေမမြင် ချစ်သူနဲ့ ပျော်ရွှင်နေရတတ်သည်။ လက်ဆောင်ပစ္စည်းများလည်း ရရှိတတ်သည်။ ဂရုစိုက်မှုနဲ့ ယုယမှုကို ခံစားရရှိမယ့် အချိန်ပင်ဖြစ်သည်။ အင်္ဂါသားသမီးများအတွက် အောင်မြင်မှုတွေ ပိုမိုရရှိနိုင်အောင် မိမိမွေးနေ့နံနက်မှာ အိမ်ဘုရားကို ကတ္တူပါအနီရောင်အခင်းတစ်ခု လှူဒါန်းပြီးဆုတောင်းလိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးများအတွက်-** ဘာလုပ်လုပ် အောင်မြင်မယ့် ကာလပိုင်းကို ရောက်ရှိလာပြီဖြစ်သည်။ လုပ်ငန်းများ အောင်မြင်တိုးတက်လာမည်။ နှစ်မျိုးသုံးမျိုးလောက် လုပ်ကိုင်နေရတတ်သည်။ စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်မည်။ ရေလမ်းခရီးက မိတ်ဆွေကောင်းတွေ ရောက်ရှိလာမည်။ အဆက်အသွယ်ကောင်းများ ရရှိလာမည်။ သွေးသားနှင့်ပတ်သတ်သောရောဂါတွေ ဖြစ်တတ်သည်။ ဆီးရောဂါ၊ ဝမ်းရောဂါများဖြစ်တတ်သည်။ အိမ်ထောင်သည်များအတွက်ကတော့ အချစ်သစ်တွေ့ခြင်းနဲ့ အိမ်ထောင်ရေးဖောက်ပြန်မှုတွေ ကြုံရတတ်သည်။ ချစ်သူမရှိသေးသူများအတွက် ချစ်သူရဲ့ မျှော်လင့်ထားသော အဖြေကိုရရှိမည်။ ချစ်သူရှိသူများကတော့ အချစ်ရေးနယ်လွန်တတ်သည်။ ဗုဒ္ဓဟူးသားသမီးများအတွက် စီးပွားရေး၊ လူမှုရေး၊ လုပ်ငန်းတွေ ပိုမိုရရှိအောင် မွေးနံနေ့နံနက်ပိုင်းတွင် အိမ်ဘုရား အောင်သပြေ ၉ ညွှန့်လှူဒါန်းပါ။

**ကြာသပတေးသားသမီးများအတွက် -** လုပ်ငန်းတွေ၊ ဆုံးရှုံးမှုတွေ ကြုံတွေ့နေရတတ်သည်။ ငွေကြေးအကြပ်အတည်းတွေ ဖြစ်မည်။ လုပ်ငန်းတွင် အတိုက်အခိုက်များပေါ်လာမည်။ ငွေကြေးကိစ္စနှင့် ပတ်သတ်၍ စကားများတတ်သည်။ ဘာလုပ်လုပ် အဆင်မပြေဖြစ်တတ်သည်။ ယခုကာလတွင် လုပ်ငန်းတိုးချဲ့ရန်မလုပ်သင့်ပါ။ လက်ရှိအလုပ်ကိုသာ အဆင်ပြေအောင် ထိန်းထားသင့်သည်။ အလုပ်ပြောင်းခြင်း၊ ခရီးထွက်ခြင်းတို့မလုပ်ပါနှင့်။ လေနဲ့ပတ်သတ်သောရောဂါတွေဖြစ်တတ်သည်။ လေထိုးလေအောင့်ဖြစ်တတ်သည်။ လေစာများမစားရ၊ အခန့်မသင့်ပါက လေပါဖြတ်တတ်သည်။ အိမ်ထောင်ရှိသူတွေအတွက် အိမ်တွင်ဆူပူမှုတွေဖြစ်မည်။ သားသမီးတွေအတွက် ပူပင်သောကရောက်တတ်သည်။ ချစ်သူမရှိသေးသူများအတွက်ကတော့ စောင့်ဆိုင်းရမယ့်ကာလပင်ဖြစ်သည်။ စိတ်ကြိုက်မတွေ့သေး၍ဖြစ်မည်။ ချစ်သူရှိသူများအတွက်ကတော့ စကားများရန်ဖြစ်စိတ်ကောက်မယ့် အချိန်ကာလပါ။ ချစ်သူစွန့်ပစ်သွားတာကိုလည်း ခံရတတ်သည်။ ကြာသပတေးသားသမီးများအတွက် အခက်အခဲတွေ ပြေပျောက်အောင် အပြင်ဘုရားစေတီရဲ့ မိမိမွေးနံထောင့်မှာ တံခွန်(၉)လုံးလှူပြီး ဆုတောင်းလိုက်ပါ။

**သောကြာသားသမီးများအတွက်-** အရာရာ အပြောင်းအလဲတွေ ပေါ်ပေါက်လာမည်။ စီးပွားရေးလုပ်ငန်းတွေ တိုးတက်လာမည်။ လူအများက ငေးလောက်အောင် ဖြစ်ထွန်းအောင်မြင်လာမည်။ ကံကောင်းခြင်းတွေ ရောက်ရှိ ရရှိမည့် ကာလဖြစ်သည်။ အောင်မြင်မှုအမြင့်ဆုံးအချိန်ပင်ဖြစ်သည်။ စာမေးပွဲ အင်တာဗျူးတွေ၊ သင်တန်းတွေ တက်ရောက်အောင်မြင်မှုတွေ ရရှိမည်။ ရွှေဝင်မည်။ လက်အောက်ငယ်သားများ၏လေးစားမှုကိုရရှိမည်။ ကျန်းမာရေးအနေနှင့် အူကျတတ်သည်။ ရေတိပမ်းကျရောဂါတွေဖြစ်တတ်သည်။ ဝမ်းဖောဝမ်းရောင်ဖြစ်တတ်သည်။ ရင်ဘတ်၊ ရင်သားတွေ အောင့်နေ၊ နာနေတတ်သည်။ အိမ်ထောင်ရှိသူတွေကတော့ အိမ်ထောင်ရေးနှောင့်ယှက်မှုတွေ ခံရတတ်သည်။ ဆန့်ကျင်ဘက်လိင်၏ စိတ်ဝင်စားမှုကို ခံရတတ်သည်။ ချစ်သူမရှိသူတို့က ချစ်သူတွေရလာမည်။ ချစ်သူရှိသူတွေကတော့ ကိုယ့်ရဲ့ချစ်သူကို အတင်းလိုက်ကြိုက်နေသူတွေကိုမြင်တွေ့ကြုံတွေ့ရမည်။ ကြားကားဆွဲခြင်းခံရတတ်သည်။ သောကြာသားသမီးများအတွက် အောင်မြင်မှုတွေရရှိအောင် မိမိရဲ့မွေးနေ့နံနက်မှာ အိမ်ဘုရားတွင် စံပယ်ပန်းလှူပါ။ နံနက်တိုင်းမေတ္တာသုတ်(၉)ခေါက်ရွတ်ပါ။

**စနေသားသမီးများအတွက် -** ခရီးတစ်ခုထွက်ရမည်။ ဘုရားဖူးခရီးတွေလည်း သွားရတတ်သည်။ စီးပွားရေးလုပ်ငန်းတွေမှာ အတိုက်အခိုက် အပြိုင်အဆိုင်တွေနဲ့ ကြုံတွေ့နေရတတ်သည်။ ဘဝမှာ တိုက်ခိုက်ခြင်းနဲ့ အောင်မြင်ခြင်းကို ရရှိမည့်ကာလအချိန်ပိုင်ဖြစ်သည်။ အလုပ်တွေရွေးချယ်ဖို့ ပြိုင်တူဖြစ်နေတတ်သည်။ ဘာကိုရွေးချယ်ရမလဲဆိုပြီး အခက်အခဲတွေကို စဉ်းစားရခက်သောအဖြစ်တွေ ကြုံတွေ့ရတတ်သည်။ ကျန်းမာရေးအတွက် ထိခိုက်ဒဏ်ရာတွေ ရရှိတတ်သည်။ အမြင့်က

ခြေချော်ကျတတ်သည်။ ကားဆင်းကားတက်များတွင် သတိထားပါ။ ခြေချော်ကျတတ်သည်။ ယာဉ်ပွတ်တိုက်ခြင်းတွေ ခံရတတ်သည်။ အိမ်ထောင်ရှိသူတွေအတွက် အချစ်သစ်တွေ တွေ့ရှိတတ်သည်။ တိတ်တခိုးအချစ်၊ တိတ်တိတ်ပုန်းကိစ္စတွေ ဖြစ်ပေါ်တတ်သည်။ ချစ်သူမရှိသူတွေကတော့ ရွေးချယ်နေလို့ဖြစ်ပါလိမ့်မည်။ ချစ်စရာရှိသောကိစ္စကို ရဲရဲသာချစ်လိုက်ပါ။ ချစ်သူရှိသူတွေကတော့ ကိုယ့်ချစ်သူဟာ အခြားတစ်ယောက်ကို စိတ်ဝင်စားနေတတ်ပါသည်။ လှေနံနှစ်ဖက်နင်းသောကိစ္စတွေ ကြုံတွေ့ခံစားနေရတတ်ပါသည်။ စနေသားသမီးတွေအတွက် အောင်မြင်မှုတွေရရှိအောင် မိမိမွေးနေ့နံနက်မှာ အိမ်ဘုရားကို ပန်းသီးလှူဒါန်းပါ။ အပြင်ဘုရားစေတီတွေမှာ လျှပ်စစ်မီးပူဇော်ဖို့အတွက် အလှူခံပုံးထဲကို အလှူငွေထည့်ဝင်လှူဒါန်းထားပါ။

(တစ်လစာဟောစာတမ်းအား မေတ္တာဖြင့်ရေးသားပေးပါသော ဆရာဝေဠုကို Myanmar Magia Times မှ အထူးပင် ကျေးဇူးတင်ရှိပါသည်)

---

# မြစလွယ်ပီယနည်းလမ်းများ

## (၁) ကျီးမနားထန်းရွက်ပီယအစီအရင်

မိမိလိုသော သူ၏နံကို ထန်းရွက်တွင်ရေးပါ။ မီးဖုတ်၍ပြာကို ထမင်းနှင့်နယ်ပြီး
**" ဦု မောဂတော သွာဟာယျ သွာဟာယျ**
**ဦု ဗန္ဓတု မဟာဗန္ဓတု**
**ဦု ဆေးစု သွာဟာယျကပ် ပုပ္ဗတ္တသွာဟာယျကပ်"**
၃၇ အုပ်စုတ် ကျွေးလေ။ မယုံလျှင် ခွေးကိုကျွေးမမြင်ရမနေနိုင်ပါ ။ ။ နေ့နံဆိုတာ ၁၂၃၄၅၆၇ စတဲ့ဟာပါ။
ထန်းရွက်မှာခဲတံနှင့်ရေးရမှာပါ။ တနင်္ဂနွေဆိုရင် (၁) ၊ တနင်္လာဆိုရင် (၂)ပါ။

------------------------------------------------------------

## (၂) ချစ်ကြိုက်သူလာစေသောစီရင်နည်း

မိမိအလိုရှိသူနှင့် အဆင်းနံတူ အရုပ်ထုပါ။
**" ဦု တုလောညောင်တု လောသိတ်**
**ဦု ဏ္ဏတ္တိ သရတောင် နာရီညောင် ဖေဟိ ဖေဟိ ကပ်"**
၃၇ အုပ်စုတ်။ လက်ျာခါးစောင်းအောက် ပက်လက်ထား လာ၏။ ။

------------------------------------------------------------

## (၃) မိမိစားသောက်ဖွယ်ရာကို လာစားမိလျှင် ချစ်စေသော ပီယမန္တန်

**" ချောင်ကလိအောင် ကူရူဖရာန်"**

ဤမန္တန်နှင့် မိမိစားသောက်စရာများကို မန်းထားပါက လာစားမိသမျှချစ်ခင်၏။ ။

------------------------------------------------------------

## (၄) မိန်းမလာစေသော စီရင်နည်း

ရေလုံအိုးကွဲတွင် မိန်းမအမည်နှင့်နေ့နံကို ကွမ်းဦးရေနှင့်ရေးပါ။

**" ဦု ဏ္ဏတ္တိ ညောင်ကပ် တိတ်တိတိ"**

၃၇ အုပ်စုတ်၍ပက်လက်ထားလေလာ၏။ ။

## (၅) အလွယ်နတ်တိုက်ပီယ စီရင်နည်း

မဆစ်လက်ဖက် မဆစ်ဆီကို ဝယ်၍

**" ဥုံ အာဘန္တော အာနဇ္ဇန ဒေဝမနုဿာနံ ပီယံဟုတုံ သဗ္ဗဒေဝတာ ဝတာမိ သဗ္ဗသော"**

၃၇ အုပ်မန်းလေ။ နတ်စင်ပျက်မှာ အကာအရံမရှိသည့်ဟာတွင် မိမိကြိုက်သော မိန်းမ၏နေ့နံ ကိုယ့်နေ့နံ ကို တိုင်တည်ပြော၍ ဆုတောင်းပြီး တိုက်လေ။ ပြီးလျှင် ပြန်၍မကြည့်ရ။ အပြီးတိုင်သည်။

------------------------------------------------------------

## (၆) ကွဲကွာနေသောလင်မယား ပြန်လည်၍ ချစ်ခင်စေသော ပီယလိပ်ရုပ်စီရင်နည်း

ဆန်မှုန့်နှစ်ကျပ်သားကို မုန့်ညက်ထောင်း၍ လိပ်ဖိုတစ်ခု ၊ လိပ်မတစ်ခု ပြုလုပ်ပါ ။

အဖိုလိပ်ရုပ်အတွက် **ဥုံ နေမင်းသွေးသား နတ်ယောက်ျား ချင်းဆရာချင်း**

အမလိပ်ရုပ်အတွက် **ဥုံ နဂါးသမီးဇသီးမည်လျှ နတ်မိန်းမ ချင်းဆရာချင်း**

ထိုမန္တန်အသီးသီးကို လိပ်ရုပ်၏စလုပ် ဝမ်းတွင်းထည့်ပါ။

အဖိုမှာ ယောက်ျားနံထည့်ပြီး အမမှာ မိန်မနံထည့် မန္တန်ကို ၇ အုပ်ဆီစုတ်ထား။

လမ်းဆုံမှာ ခေါင်းခြင်းဆိုင်မြှုပ်ထားပါ။ ပြန်လည်၍ချစ်ခင်ပေါင်းဖက်စေသည်။ ။

------------------------------------------------------------

## (၇) ချစ်သူပြန်လာစေသော ဖယောင်းတိုင်

မိန်းမအရုပ်ကို ပေတွင်ရေး။ နံရိုက်ထည့်ပြီးမန္တန်ရံလေ-

**" ဥုံ ဗုဒ္ဓရတနာ ဓမ္မရတနာ သံဃရတနာ ဗုဒ္ဓစကြာ ဓမ္မစကြာ သံဃစကြာ အာဂစ္ဆန္တု အဟိပတ္တုံ။**

**ဥုံ ဆေးစုပုပတ္တ သွာဟာ"**

ချည်မျှင် ၇ မျှင်ကိုခေါက်၍ ဖယောင်းတိုင်လုပ်ပြီးလျှင် တန်ခိုးကြီးဘုရား၌ ပေရုပ်ပေါ်တွင် ဆီမီးညှိကာ မန္တန်ကိုလည်းရွတ်ဆိုထွန်းလေ။ ဆီမီးသေလျှင်လာသည်။ ပေရွက်မရှိပါက ထန်းရွက် ၊ မိုင်းခံစက္ကူဖြင့် ဉာဏ်ကစားကာ အသုံးပြုကြပါ။ မီးမငြိမ်းမချင်းရွတ်ရပါသည်။

*မှတ်ချက်။ ။ဤပညာသည် ရှေးကဆရာကြီးများ သမားဂုဏ်ပြောအတတ်ထဲ၌ ပါဝင်ပါသည်။ ဆရာ့ကိုယ်တွေ့ အရပြောရလျှင်ဈေးရှက်အတွင်းပြန်ရောက်လာပါသည်။*

------------------------------------------------------------

## (၈) သူရဿတီ သျှို့စီရင်နည်း

**" ဥုံ သူရဿတီ ယာဝဇီဝံ မမသီသေ စီရံတိဋ္ဌတု ဘုဒ္ဓါနံ"**

ဤမန္တန် နှင့် ထမင်း ၇ ဆုပ် ရေတစ်ခွက် ကွမ်းတစ်ရာ မန်း၍ ၇ ရက်ပြည့်အောင် စားပါက သျှို့သုံးပါးအောင်မြင်သည်။ သျှို့သုံးပါးဆိုတာက ရာဇ သဗ္ဗ ဣတ္ထိ ပါ။ (၃၇)အုပ် ရွတ်ဆိုရမှာပါ။

-----------------------------------------------------------

## (၉) နံ့သာပီယ မန္တန်

**" သုသိက္ခိသတ္တာနပရိသွာဟယျကပိ"** နံ့သာကိုမန်း၍ မျက်စိကိုကွက် မျက်ချစ်ပီယနည်းဖြစ်ပါသည်။

**" ဥုံ အကန္တရာချာချုပ်"** နံ့သာကိုမန်း၍လိမ်း သျှို့ပီယနည်းဖြစ်ပါသည်။

-----------------------------------------------------------

## (၁၀) မိန်းမ ယောကျ်ား ပီယ နည်း

နက္ခတ် ကောင်း၌ ခဲမဖြူမှာ မိန်းမ ယောကျ်ား လည်ဖတ်နေဟန် ရေးပါ။ မိန်းမနံကို ယောကျ်ားမှာရေး ယောကျ်ားနံကို မိန်းမမှာရေးပါ။ အရံ အစုတ် ပြုလုပ်ရမည့် မန္တန်ကား -
**" ဥုံ ဆရာရိန တကွသမိုင် ပဥ္စနာရိ ကပ် ဆရာ ကပ်"**
မီးမှာ အုံလေ လာစေ ချစ်စေသည်။

-----------------------------------------------------------

## (၁၁) အိမ်မြှောင်ပီယ လိုသူရ စီရင်နည်း

အိမ်မြှောင်ကို အူအသဲထုတ်၍ နံ့သွင်းအစာသွတ် အမှုန့် ပြုလုပ်ထားပြီး **" ဥုံ ဥဘတု သွာဟာ"** ဟူ၍ ၃၇ အုပ်မန်း ထားလေ။ လိုသောအခါ စားသောက်ဖွယ်တွင် ရင်သွေးနှင့်ခပ် တစ်သက်လုံး ချစ်သည်။ သစ္စာရှိပါစေ။ အစာသွတ်ဆိုတာကတော့ လိုသူ အမည်ကို မှိုင်းကိုင်စက္ကူမှာ ရေးပြီး သွင်းခိုင်းတာပါ။ ရင်သွေးဆိုတာမိမိ ဝဲဘက်ရင်အုံက သွေးကိုပြောတာပါ စတိ ပါပဲ။

-----------------------------------------------------------

## (၁၂) အမျိုးသမီးများအတွက်ပန်းမန်းပီယ

ပန်းသုံးပွင့်ကို လက်မှာကိုင်၍ **" ဥုံ သိန္ဒေဟံ ဣတ္ထိစိတ္တံ ပီယံ မမ ဒေဝီစိတ္တံ ပီယံမဘူရဿတီရှင်ဒေဝီ ခြင်းဆရာခြင်း ကပ်ဆရာကပ်"** ၃၇ အုပ်မန်းပါ။ ၂ ပွင့်ဘုရားတင် ။ ၁ ပွင့်ကိုပန် ။
ကောင်လေးတွေ ဝိုင်းနေပါလိမ့်မည်။ ။ တစ်ခါလုပ်ရင် တစ်ရက်ပဲစွမ်းတယ်။

## (၁၃) ကုက္ကိုခေါက် သရက်ခေါက်ပီယအစီအရင်

ကုက္ကိုခေါက်ကို စနေနေ့တွင်ခွာယူ မိန်းမနံရေး ။ သရက်ခေါက်ကို အင်္ဂါနေ့တွင်ခွာယူ ယောကျ်ားနံရေး။ နံချင်းထပ်မိအောင် ထပ်။ ချည် ၇ မျှင်ရစ်ပတ်။ **“ ဥုံ စိတ္တံ စိတ္တံ ကရံက သုညံ သုညံ ဖော် ဖော် အာဂစ္ဆန္တု သွာဟာယျက်”ဖု**၇ အုပ်စုပ်။ လမ်းလေးခွမှာ မြှုပ်ပါ။  ချစ်စေသည်။ လာစေသည်။ ဉာဏ်ရှိသလိုသုံးနိုင်၏။
နံချင်းထပ်မိအောင်ဆိုတာ နံနစ်ခုကို တည့်တည့်ထပ်မိအောင် မျက်နှာချင်းဆိုင်ထားခိုင်းတာပါ။ နံဆိုတာက နံမည်မဟုတ်ပါဘူး ။တနင်္ဂနွေဆို ၁ ၊ တနင်္လာဆို ၂ စသည်ဖြင့်ပါ။ ။

------------------------------------------------------------

## (၁၄) သူရဿတီဆီမီးမှော်စီရင်နည်း

၁။ ကိုယ်လက်သန့်စင်ပါ

၂။ မယ်တော်ရှေ့တွင်ဖယောင်းတိုင်တတိုင်ထွန်းပါ ။

၃။ **“ ဥုံ သီရိမံ အလွန်လှဘိ သီရိမြတ်လှ ထွန်းပညိုအင်မိသခင် သက်ပေဆရာ သက်ပေ လာစေဆရာ လာစေ လျှင်စေဆရာ လျှင်စေ”** ၃၇ အုပ်စုပ်၍ ပင့်ခေါ်ပါ။

၄။ **“ ဥုံ သူရဿတီ မမ ဒေဝ နနောနနော်”** ၃၇ အုပ်ချုပ်ပါ။

၅။ **“ ဥုံ နရဒေဝါစ ပြဟ္မဏော ယက္ခဒေါစ ဂဠုဠော တော်စိတ္တံ ပီယံ မမ နတ္ထိပီယံ သိန္နေပီယံ”** မီးမငြိမ်းမချင်းရွတ်ရမည်။ ။

၆။ **“ ဥုံ သီရိမံ အလွန်လှဘိ သီရိမြတ်လှ ထွန်းပညိုစင် မိသခင် ငါ့ကိုကျင်သည် မိခင်မယ်လျှ အိုနမ နမမနေ သွားပါချေလော့ သွားလေရာရာ ငါ့ကိုသာ လာလျှင်အောင် အသင့် ဆိုပါနမ အောင်ခြင်း အောင်ဆုစေဆုယခု ငါ့ကိုပေးစေသတည်း”** ၃၇ အုပ်မန်း လိုရာစေလေ။ ။

၇။ လိုရာရပါလိမ့်မည်။ ။

------------------------------------------------------------

## (၁၅) ဆရာသောက်ခဲ့သောပီယဆေးလိပ်စီရင်နည်း

ငြိုပ်စာကျွေးသောဖက်ကိုနံ့သာဖြူသွေး၍ဆေးဖတ်ကိုတောက်ပြီးမှလိပ်ပါ။ ပြီးလျှင် - **“ ဥုံ နေမင်းသူရိယာ လမင်းစန္ဒာ ပြဟ္မာမြေထက် ရှုရှုသက် အယံ ပီယံမမ**
**ဥုံ သူရဿတီ စန္ဒီမယ်လျှ နတ်မိန်မ ချဉ်းဆရာချဉ်း ကပ်ဆရာက်”ဖု**၇ အုပ်စုပ်ပါ။ အလိုရှိသော အမျိုးသမီးတွေ့လျှင် လေတင်ကအငွေ့လွှတ် ။ သောက်စေနိုင်လျှင် သာ၍ကောင်းသည် ။ အလွန်ချစ်ခင်၏။ မမြင်ရမနေနိုင်ပေ။ လင်ရှိမယား ရှောင်ပါလေ။ ။  ငြိုပ်စာကျွေးတဲ့ဖက်ဆိုတာက တနည်းအားဖြင့် ယတြာချေတဲ့ အခါမှာ အသုံးပြုတာရှိတယ်။ ခေါစာပစ်တဲ့အခါမှာ အသုံးပြုတာရှိတယ်။ အနီးနားမှာရှိတဲ့ လူကြီးသူမများကိုမေးကြည့်လိုက်ရင်ပိုပြီးရှင်းပါလိမ့်မယ်။ ဆေးဖက်တောက်တယ်ဆိုတာကတော့ နံ့သာရေနဲ့ဖြန်းခိုင်းတဲ့သဘောပါ။

------------------------------------------------------------

## (၁၆) သူရဿတီသနပ်ခါးစီရင်နည်း

ရက်ကောင်း ရက်သာကြုံကြိုက်သော သန်းခေါင်ယံအချိန်တွင် ကွမ်းယာ ပန်းတစ်ပွင့် လဘက်တစ်ထုပ် မီးတစ်တိုင် ပူဇော်၍ သူရဿတီနတ်သမီးကို ပင့်ဖိတ်ပါ။ပြီးနောက် သနပ်ခါးကို - " **ဥုံ သူရဿတီ သင့်ညီကျော်ထင် မွေးမိခင် လိုအင်များစွာ လူတကာကို မေတ္တာချစ်ဆေး မယ်ကသွေး၍ ပေးပါလော့ ကျွန်ုပ်ကိုယ်တွင် လိုရှိလျှင်လည်း ထင်ထင်တပ်တပ် မတ်တတ်လူလို ချစ်ကြည်ညို၍ စိတ်လိုရှိသမျှ ခဏနတ်ရှင် မွေးမိခင် ထင်ထင်နေ့တိုင်းပေးပါလော့ ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပ မေဝ သမိဇ္ဈန္တုရှိရံပါလယန္တု**" ရွတ်၍သွေးပါ။ ထို့နောက် သနပ်ခါးကို ရွှေးကြီးခန့်လုံး၍စားပါ။ ထိုမှကျန်သော သနပ်ခါးကို ရေမွှေးနှင့်ရော၍ဆောင်ပါ။ဇဗ္ဗထိ ပြီး၏။

*မှတ်ချက်။ ။ စီရင်သောကာလတွင် သက်သတ်လွတ်ဟင်းများကိုသာစား၍ ခုနစ်ရက် ခုနစ်လီ ပြုလုပ်ပါက ပိုမိုထူးခြားမှုအကျိုးတွေ့သိပါလိမ့်မည်။ ။*

---------------------------------------------------------------

## (၁၇) ဆရာမြစလွယ်အသုံးပြု၍ အောင်မြင်ခဲ့သော ဗူးလက်မောင်းပီယ

ဗူးလက်မောင်းကိုလက်ညှိုးပေါ်တင်ပါ။ ပြီးလျှင် " **ဥုံ ကာယမတ္တံ ဇီဝကံ ဒိန္နံ ဒိန္နံ ဒဿန္တု သူရဿတီ အမည်ရှိသော ဒေဝတာနတ်သမီးသည် ပြောင်း ဂါမန္တု ဂါမန္တု ငါဆောင်တိုင်း ဆောင်တိုင်း အောင်စေသတည်း**ဟုရွတ်ပါ။ လက်ကိုရစ်လာလိမ့်မည်။ထိုအခါ ယူ၍ဆေးလိပ်ထဲထည့်၍ အငွေ့လွှတ် အငွေ့သွားသမျှချစ်ခင်စေ၏။ ။

---------------------------------------------------------------

## (၁၈) ပီယလေးတော်စီရင်နည်း

မြင်းအထီးအမ ရဲ့ အမြီးကိုပြောင်းပြန်ကျစ် ထင်းရှူးသားကို လေးငယ်ပြု လေးတွင်မိန်းမနံရေး၍ " **ဥုံ စုံစီ ပမောက္ခ ပန်းနီချင်လျှင်း ပန်းအင်ကြင်း အိမ်ညကြင်းလျှင်း ချင်းမျက်နှာ ကြင်ရာသို့ကပ်** ဤမန္တန်ကို စုပ်လေ။လာစေလိုသော်တင် ပြန်စေလိုသော်လျော့။သုံးကြလေသော်။ ။

ဆရာကြည်လင်းသစ် (မြစလွယ်)




**"သူ့အတတ်ပျက်စေအစီအရင်"**



အပေါက်အနာအဆာ မပါသောသစ်ရွက်တစ်ခုကို ရွေးချယ်၍ ပုံပါအတိုင်းရေးပါ။ ထိုသစ်ရွက်ကို မိမိခြေထောက်အောက်၌ထားပါ။ တစ်ဖက်က ဆေးဝါး အတတ်ပျက်စီးပါသည်။ သရဲတစ္ဆေဖုတ်ဖမ်းခံရတာမျိုးဆိုရင် သရဲတစ္ဆေအဖမ်းခံရသူခြေထောက်မှာ ကပ်လိုက်ပါ။ ဘုရားဂုဏ်တော် ၉ ပါးနဲ့ ရွတ်ပြီး အပူးခံရသူ ခြေဖဝါးမှာ ကပ်လိုက် မနေနိုင်ဘူး ထွက်ကိုထွက်ပါသည်။ န နှစ်ခုကိုလည်း တစ်ဆက်တည်းဆွဲပါ။ဘေးနားက ပကိုလည်း ပု ကို ရေးပြီး လေးထောင့်ပုံစံမျိုးပတ်လိုက်ပါ။ ဉာဏ်ရှိသလိုသုံးနိုင်ပါစေသတည်း.။

## "ကိုယ့်ကြောင့်အသည်းကွဲသွားသူများအတွက်စားခြင်းမန္တန်"




အချစ်တိုင်းကိုအချစ်နဲ့တန်ပြန်မသက်ရောက်နိုင်ပါဘူး။ ဒီလိုပါပဲ ကိုယ့်ကိုချစ်တဲ့သူရှိပေမယ့် ကိုယ်ကသူ့အပေါ်ချစ်ချင်မှပဲချစ်နိုင်မှပဲလေ ..။ တကယ်လို့ ကိုယ့်ကို Propose လုပ်လာတဲ့သူကို ကိုယ်က ငြင်းဆိုလိုက်လို့ သူအသည်းကွဲသွားမယ်ဆိုရင် ကျွန်တော်တို့ကိုယ်တိုင်လည်း စိတ်မကောင်းဖြစ်မိမှာအမှန်ပါ။ ဒီတော့ ကိုယ့်ကြောင့်အသည်းကွဲသွားသူကို ကျွန်တော်တို့ကိုယ်တိုင်ပဲ သူ့ဓာတ်ပုံကိုအသုံးချပြီး သူ့နှလုံးသားကို ကုစားပေးလိုက်ကြရအောင်လား။

ပထမဆုံးအနေနဲ့ သောကြာနေ့ည(၇)နာရီအချိန်တိတိမှာ သူ့ဓာတ်ပုံကိုကြည့်ကာ စိတ်ကိုဖြည်းဖြည်းချင့်လျော့ထားပါ။ သူ့အပေါ်မှာလည်း မေတ္တာဓာတ်တွေ ကိန်းဝပ်ကျရောက်နေပါစေ။ သူ့အပေါ် ကိုယ့်မေတ္တာဓာတ် အပြည့်အဝကျရောက်နေပြီဆိုရင်တော့ ဓာတ်ပုံကို လက်နဲ့သပ်ချကာ အောက်ပါမန္တန်လေးကို (၇)ခေါက် ပျော့ပြောင်းတဲ့အသံနဲ့စိတ်ကိုလျော့ထားပြီး ရွတ်ဆိုပေးလိုက်ပါ။

### "Dios, por favor, eleva su alma... Y cura esta herida"
### (ဒီယို့စ် ပေါ် ဖေဗွာ အယ်လီဗာ ဆူ အယ်လ်မာ .. ဝိုင် ကျူရာ အီစ်တာ ဟာရစ်ဒါ'

ပြီးနောက်မှာတော့ ဓာတ်ပုံကို ရေအနည်းငယ်ပက်ဖြန်းလိုက်ပြီးနောက် သင်ဘယ်တော့မှဖွင့်မကြည့်မယ့်နေရာမှာသိမ်းဆည်းထားလိုက်ပါ။ ပေါ်တူဂီမှော်နည်းလမ်းတစ်ခုဖြစ်ပြီး မန္တန်ရဲ့အဓိပ္ပာယ်ကတော့ "အချစ်ကိုစောင့်သော နတ်ကောင်းနတ်မြတ်အပေါင်း သူ့နှလုံးသားကိုကုစားပေးပါ" လို့ အဓိပ္ပာယ်ရပါတယ်။ မန္တန်ကို မြန်မာလိုအဓိပ္ပာယ်ရွတ်လို့မရပါ။ ပေါ်တူဂီလိုပဲရွတ်ရမှာဖြစ်ပါကြောင်းနဲ့ ချစ်သူရဲ့စွန့်ပစ်ခြင်းကိုခံရသူအပေါင်း အသည်းကွဲခြင်းကင်းဝေးကြပါစေကြောင်း ဆုတောင်းလိုက်ရပါတယ်။



## "ပြည့်တန်ဆာတို့အသုံးပြုသောဖောက်သည်ခေါ် အစီအရင်

မသင့်တော်မှန်းသိပေမယ့် သုတရစေဖို့အတွက် ဒီနည်းလမ်းလေးကိုဖော်ပြပေးလိုက်ရပါတယ်။ ဒီနည်းလမ်းကတော့ ဖောက်သည်ခေါ်လိုတဲ့ ပြည့်တန်ဆာမရဲ့ဖိနပ်တစ်စုံကို အဆိုပါပြည့်တန်ဆာမရဲ့ ရာသီသွေးပေါ်ချိန် တွင်ကျဆင်းသော သွေးကိုသုတ်ပါ။ ထို့နောက် အမျိုးသားသားရေဖိနပ်နှင့်မျက်နှာချင်းဆိုင်ပူးကာ "ရှိုကာရှိခါ အင်ကန်နာ"ဟုရွတ်ဆိုပြီး ပြည့်တန်ဆာမ ဆက်ဆံနေကျ ခုတင်အောက်မှာထားပေးပါက ရက်ပိုင်းအတွင်း ဆက်ဆံလိုသူ ဖောက်သည် ရက်ပိုင်းအတွင်း လာစေနိုင်ပါသည်။ မိုင်ယန်လချင်းနည်းလမ်းတွေထဲက အစွမ်းထက်နည်းတစ်ခုဖြစ်တာကြောင့် အားလုံးသုတရစေရန်ဖော်ပြပေးလိုက်ပါတယ်။

## "အချစ်ကိုရယူနည်း" (Love Meditation)



-အခန်းထဲမှ အိပ်ရာပေါ်တွင်ထိုင်လိုက်ပါ။
-လူက ခုတင်ပေါ်မှာအိပ်လိုက်ပြီး
မိမိချစ်လိုသောသူ၏ဓာတ်ပုံကိုကြည့်ကာ မာန်ပါပါနှင့် သူ့နာမည်ကို (၅)ကြိမ်ရွတ်ဆိုပါ။
-ပုံကိုအောက်ပြန်ထားလိုက်ပါ။
-ငါးမိနစ်လောက်တရားထိုင်ကာ ထိုင်နေစဉ်အတွင်း သင်ကသူ့ကိုပြေး၍ ချစ်စကားပြောနေသည်ဟု စိတ်ထဲမှာတွေးထားပါ။
-ထို့နောက် သူ့ဖုန်းကိုဆက်လိုက်ပါ။
-သင့်ရဲ့အချစ်ကဘယ်လိုရှိတယ်ဆိုတာကိုပြောပြပြီး ဖုန်းကိုချလိုက်ပါ။
- သူပြန်ခေါ်ပါက မကိုင်ဘဲပြန်ချလိုက်ပါ။
-နောက်တစ်နေ့ရောက်မှသာ သူ့ကိုဖုန်းပြန်ဆက်၍ချစ်စကားပြောကာ သူကပြန်ချစ်လာလိမ့်မည်ဟု စိတ်ထဲမှာစွဲမှတ်ထားကာ ပြောလိုက်ပါ။
- သူက သင်လိုချင်သောအဖြေကိုပြန်ပေးပါလိမ့်မည်။

# မှော်သတင်းကဏ္ဍ

## KCB Center နှင့် Myanmar Wiccan Association တို့ပူးပေါင်း၍ကဆုန်လပြည့်နေ့တွင်စတုဒိသာတိုက်ကျွေးခဲ့



မြန်မာနိုင်ငံ၏ပထမဆုံးမှော် Website ဖြစ်သော KCB Center နှင့် Wicca မှော်အတတ်ပညာရှင်များနှင့်လေ့လာသူများ ပူးပေါင်းဖွဲ့စည်းထားသော Myanmar Wiccan Association (AF) တို့ပူးပေါင်း၍ ကဆုန်လပြည့်နေ့ တွင် မန္တလေးမြို့၊ မန္တလေးတောင်ခြေရှိ ကုသိုလ်တော်ဘုရားတွင် အအေး စတုဒိသာများ တိုက်ကျွေးခဲ့ကြောင်းသိရှိရပါသည်။


Myanmar Wicca Association သည် Ambrosius Family မှ ဖွဲ့စည်း ထားသော Coven (မှော်အသင်း)တစ်ခုဖြစ်ပြီး Myanmar Wicca Association၏ Official Website မှာ www.mmwicca.wordpress.com ပင်ဖြစ်ကာ Wicca မှော်အတတ်နှင့်ပတ်သတ်သော အကြောင်းအရာ များကို ဝင်ရောက်ဖတ်ရှုနိုင်မည်ဖြစ်ပါကြောင်းသိရှိရပါသည်။

## KCB Entertainment မှစီစဉ်သော Mystery Inside: The Center ဇာတ်ကားမကြာမီကြည့်ရှုနိုင်တော့မည်




Mystery Inside: The Center ရုပ်သံဇာတ်လမ်းကို KCB Witchcraft Entertainment မှစီစဉ်ရိုက်ကူးလျက်ရှိပြီး ၂၀၁၅ နှစ်ကုန်ပိုင်းတွင် ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ ဇာတ်လမ်းအကျဉ်းမှာ လူသားများ မြန်မာပြည်ရှိ သဘာဝ သယံဇာတများကို တစ်ကိုယ်ကောင်းဆန်စွာ ထုတ်ယူသုံးစွဲလျ က်ရှိကြသောကြောင့် သဘာဝပတ်ဝန်းကျင် စောင့်နတ်မင်းကြီးမှ ၂ မြန်မာပြည်သို့ ၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်းဖြင့် စတင် အပြစ်ပေးခဲ့သည်။

ထို့အပြင် ၂၀၀၉နှင့် ၂၀၁၀ပြည့်နှစ်များအထိ သဘာဝအန္တရာယ်ပေါင်းများစွာနှင့် ထပ်မံ တွေ့ကြုံစေခဲ့ရာ အပြစ်မဲ့သူများပါ သေဆုံးခဲ့ရသောကြော င့် မြေအောက်ကမ္ဘာဘုရင်မှ နတ်မင်းကြီးနှင့်တွေ့ဆုံကာ ရပ်တန့်ရန်တောင်း ဆိုခဲ့သော်လည်း နောက်ဆုံးတွင်တော့ အသက်တစ်ဝက်ကြွေးအာမခံလိုက်မှသာ အဆင်ပြေသွားခဲ့သည်။ နောက်ပိုင်းတွင် လူတို့သည် မြေပေါ်သယံဇာတများသာမက မြေအောက်သယံဇာတများပါ ဖြန်းတီးလာကြသောအခါ မြေအောက်ကမ္ဘာမှ သက်ရှိများကို ထိခိုက်မှုဖြစ်လာစေခဲ့ပြန်သောကြောင့် မြေအောက်ကမ္ဘာဘုရင်မှ စေတနာပျက်ကာ မြန်မာပြည်ကိုဖျက်ဆီးရန်ကြံစည်စဉ် မြန်မာပြည်မှ ဆယ်ကျော်သက်အရွယ် လူငယ်လေးနစ်ဦးမှ မြန်မာပြည်ကို ကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကြီးကိုလည်း ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းကြပုံများကို ရိုက်ကူးတင်ဆက်ထားဖြင်းဖြစ်ပါသည်။ ထိုဇာတ်လမ်းကို အထူးပြုလုပ်ချက်ပေါင်းများစွာနှင့် သဘာဝကျကျ ဖန်တီးမည်ဖြစ်ပြီး အင်္ဂလိပ်စာတန်းထိုးနှင့် မကြာမီတွင် စောင့်မျှော်ရှုစားရမည်ဖြစ်သည်။




# Enchanted Life to Immortal

## အပိုင်း(၄)

---------

"ဝေါ... ဝေါ"

ရေစီးသံများ၊ ကျေးငှက်အော်သံများသည် အနီးအနားမှ ထွက်ပေါ်လာလေသည်။ အိပ်နေသောကြမ်းပြင်တွင်လည်း အေးစက်သော မြက်ပင်များကို လက်က ဆုပ်ကိုင်မိလိုက်လေသည်။ လင်းမို့ မျက်လုံးဖွင့်လိုက်လေသည်။ ပတ်ဝန်းကျင်ကို လှေ့လာကြည့်သောအခါ မိမိ၏ အိမ်ထဲရှိ အိပ်ယာထဲတွင်မရှိဘဲ တောအုပ်လေးတစ်ခုအတွင်းသို့ ေ ရာက်ရှိနေခြင်းဖြစ်သည်။ လင်းမို့သည် မတ်တပ်ရပ်လိုက်ပြီး ပတ်ဝန်းကျင်ကို လေ့လာလိုက်လေသည်။ သူလှဲသောနေရာတွင် ပေါက်နေသော မြက်ပင်များသည် ထူးဆန်းသောအရောင်ရှိသည်။ ဖန်ရောင်ကဲ့သို့ တည်ရှိနေသည်။ လှဲနေသောနေရာကို မိုးထားသော သစ်ပင်ကြီးတစ်ပင်၏ ထုထည်သည်လည်း အရမ်းကြီးမားလှသ ည်။

သစ်ပင်ကြီး၏ အရှေ့ဘက်ခြမ်းတွင် ရေစီးနေသော ရေတံခွန်အသေးစားလေးတစ်ခုစီးဆင်းနေသည်။ လင်းမို့ရပ်နေသည့် နေရာ၏ မလှမ်းမကမ်းတွင် ကျောက်ရောင်စုံလေးများနှင့်စီထားသည့် ကျောက်ရောင်စုံလမ်းလေးတစ်ခုရှိနေသည်။ ကျောက်ရောင်စုံလမ်းလေးလည်း ရေတံခွန်ဘေးကို ပတ်ဝိုင်းသွားပြီး တော အုပ်အတွင်းသို့ ဝင်သွားလေသည်။ လင်းမို့လည်း ထိုကျောက်ရောင်စုံလေးဒများအတိုင်း လမ်းလျှောက်ချင်စသောဆန္ဒများကို ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ တဖြည်းဖြည်းလျှောက်လှမ်းလာလေသည်။

ကျောက်ရောင်စုံလမ်းကလေး၏ဘေးတွင်လည်း ထူးဆန်းလှသောငှက်သတ္တဝါလေးများ၊ လိပ်ပြာရောင်စုံလေးများနှင့် တလက်လက် တောက်ပနေသော အမှုန့်ကလေးများ ပျံ့နှံ့လျက်ရှိလေသည်။ လင်းမို့လည်း ပတ်ဝန်းကျင်ကိုငေးပြီး လမ်းလျှောက်လာရသဖြင့် အချိန်ကုန်မှန်းမသိ ဖြစ်နေပြီး ကျောက်လမ်းမလေး၏အဆုံး အိမ်ပုလေးတစ်ခုရှေ့ကို ရောက်သွားလေသည်။

အိမ်ပုလေး၏ အရှေ့ဘက်မျက်နာစာတွင် ဆိုင်းဘုတ်တစ်ခု ရှိနေသည်။ ထိုဆိုင်းဘုတ်တွင် ရေးထားသော စကားလုံးသည် လွန်စွာ ထူးဆန်းသောဘာသာစကားတစ်ခုဖြင့် ရေးသားထားသည်ကိုတွေ့ရလေသည်။ လင်းမို့သည် ဆိုင်းဘုတ်တွင်ရေးထားသော စကားလုံးများကို သေချာကြည့်နေစဉ် စကားလုံးများသည် အသက်ဝင်လာသကဲ့သို့ လှုပ်ရှားလာပြီး ဆိုင်းဘုတ်ကြီး၏ ပတ်ပတ်လည် တွင် ထူးဆန်းေ သာ မီးခိုးငွေ့များ ရစ်ဝိုင်းလာလေတော့သည်။ ထို့နောက် ဝုန်းကနဲဟူသောအသံနှင့်အတူ ဆိုင်းဘုတ်တွင်ရှိသော စာလုံးများသည် ပြောင်းလဲသွားတော့သည်။ ထိုစကားလုံးမှ-

"Gate of Cupid's Royal Arrow"

"ကျူပစ်နတ်သူငယ်၏တော်ဝင်မြားတိုက်"ဟူသောစကားလုံးကိုတွေ့ရလေသည်။ လင်းမို့လည်း တစ်ချက်တွေဝေသွားသည်။ ကျူပစ်နတ်သူငယ်ဆိုတာ တကယ်ရှိတဲ့ နတ်သူငယ်လေးပဲ။ ဒါဆို သူပစ်တဲ့မြားတွေကို ဒီလိုမျိုးသိမ်းဆည်းထားတာလားဟူသော အတွေးများသည်လည်း ဦးနောက်ထဲတွင် ပဲ့တင်သံထွက်လာလေသည်။ ထိုပဲ့တင်သံတွင် အားပြိုင်မှုနှစ်ခုဖြစ်နေသည်။ တစ်ခုမှာ မဝင်ရမည်လော၊ နောက်တစ်ခုမှာ ဝင်ရင်ကောင်းမည်လောဆိုသော နှစ်ခုပင် ..။ ဒါပေမယ့် နောက်ဆုံးတော့ ဝင်ရင်ကောင်းမည်။ ဘာလို့လဲဆိုတော့ ဒီနေရာမှ သွားစရာကလမ်းတစ်လမ်းသာရှိမည်။ ပြီးတော့ရေးထားသောစာတွေကလည်း သူရောက်လာတော့မှ ပြောင်းလဲ သွားခြင်းပင်ဖြစ်နေသည်။ ထိုအရာကိုကြည့်ခြင်းအားဖြင့် သူနှ င့်ဒီရဲတိုက် ဆက်စပ်မှုရှိမှာပဲဆိုပြီး နောက်ဆုံးသတ် ဆုံးဖြတ်ချက် ချလိုက်လေသည်။ ထိုသို့ဆုံးဖြတ်ချက်ချပြီး အိမ်တံခါးကိုဖွင့်ဖို့ လက်ကိုင်ကို ကိုင်လိုက်ရာ လက်ကိုင်ဖုသည် ထူးဆန်းသောအပူအအေးလှိုင်း တစ်ခုခံစားလိုက်ရလေသည်။ ထို့နောက်တံခါးကိုဖွင့်လိုက်လေသည်။

တံခါးဖွင့်လိုက်လျင် ဥမင်လမ်းကြောင်းကဲ့သို့ ဖြစ်နေသောလှိုဏ်တစ်ခုကို တွေ့လိုက်ရလေသည်။ လှိုဏ်တစ်ခုလုံးသည်လည်း သဘာဝအလင်းရောင်တောက်ပလျက် ရှိနေသည်။ ထိုလှိုဏ်၏ဆေးနှစ်ဖက်တွင် လူနှစ်ယောက်၏ပန်းချီရှိပြီး ပန်းချီ၏အောက်တွင် အံဆွဲကဲ့သို့ ဖြစ်နေသောအရာလေးရှိနေသည်။ အံဆွဲအောက်တွင် ရွှေရောင်စာလုံးဖြင့်ရေးသားထားသောနာမည်များရှိနေသည်။ လင်းမို့ တံခါးဖွင့်လိုက်ပြီး ညာဘက်တွင်ရှိသော ပန်းချီတစ်ခု၏အံဆွဲကို ဖွင့်ကြည့်ရန် လက်ကိုင်ကိုကိုင်ကြည့်လိုက်သောအခါ ထိုအံဆွဲသည်ချက်ချင်းပျောက်ကွယ်သွား သလို လှိုဏ်ဂူတစ်ခုလုံးတွင်ရှိသော အံဆွဲများအားလုံး ပျောက်ကွယ်သွားေ လသည်။ ထို့နောက် လင်းမို့ရပ်နေသော ပန်းချီဘေးရှိ နံရံအတွင်း မှ စာရွက်ရှည်ကြီးတစ်ခု ထွက်လာလေသည်။ ထွက်လာပြီးစာရွက်ကြီးမှာ လူမျက်နှာပုံစံကြီးဖြစ်လာပြီး-

"သင်ဘာ့ကြောင့် မြားဂိတ်မှာရှိနေရတာလဲ ..၊ လူသားတို့၏ လူသားဆိုတာတောင် ထိတ်ထိတ်ကြဲ လူတွေရဲ့ ချစ်ခြင်းတရား များကို ကိုယ်စားပြုသော အချစ်ယူဆောင်ပေးတဲ့ မော်ဝင်မြားတွေကို လာခိုးတာလား မှန်မှန်ပြောစမ်း..."

"ကျွန်တော်ဒီနေရာကို တစ်ခါမှမရောက်ဖူးပါဘူး။ ဒီနေရာက မြားတိုက်ဆိုတာတောင် အဝင်ဝဆိုင်းဘုတ်မှာ ရေးထားတာတွေ့လို့ ဝင်လာခဲ့တာပါ။ တံခါးကလည်း ဖွင့်လိုက်တာနဲ့ ပွင့်သွားလို့ပ ါ။ သူခိုးလည်းမဟုတ်ပါဘူး။ ခိုးရာအောင်လည်း ဒီထဲမှာ ဘာတွေရှိမှန်း မသိရိုးအမှန်ပါ။"

ဟုလင်းမို့လည်း အလန့်တကြားပြောလိုက်လေသည်။ ထိုအခါ စာရွက်ကြီး၏အမူအရာသည် ပြောင်းလဲသွားပြီး-

"ကဲ ... ဒါဆိုနာမည်ပြော"

"လင်းမို့မှိုင်း ပါ"

ထိုနာမည်ကိုပြောလိုက်သောအခါ စာရွက်ကြီး၏ မျက်နှာပြင်တွင် လင်းမို့မှိုင်းဟူသော စကားလုံးပေါ်လာလေသည်။ ထိုနာမည်ပေါ်လာပြီးနောက် အောက်တွင်ထူးဆန်းသော စကားလုံးများစွာ ပေါ်လာပြီး စာရွက်မျက်နှာကြီးသည် အံ့သြသောအမူအရာဖြင့်-

"လင်းမို့မှိုင်းဆိုတဲ့ ကလေးကမင်းလားကွ...."

"ဟုတ်ပါတယ်...။ ကျွန်တော်ပါပဲ"

"ငါကတော့ လင်းမို့မှိုင်းဆိုတာ လူကြီးတစ်ယောက်ထင်လို့စောင့်နေတာ..."

ဟုပြောပြီး စာရွက်ကြီးသည် တစ်စုံတစ်ယောက်မှ ဖြဲလိုက်သောပုံစံဖြင့် အစိတ်စိတ်အမွှာမွှာပြဲသွားပြီး မြေပြင်ပေါ်သို့ကျသွားလေသည်။ လင်းမို့ကလည်း ရုတ်တရက်ဆိုသဖြင့် လန့်ဖျတ်သွားပြီး ဘာလုပ်ရမှန်း ဘာကိုင်ရမှန်းလည်း မသိသဖြင့် လင်းမို့၏စိတ်သည် များစွာ စိတ်လှုပ်ရှားလျက် ရှိနေသည်။ ကြောက်ရွံ့သောစိတ်ကလေးပါ ထွက်ပေါ်လာလေသည်။ စာရွက်အားလုံး အစိတ်စိတ်အမွှာမွှာဖြစ်ပြီး မြေပြင်ပေါ်သို့ကျသွားသောအခါ စာရွက်များအားလုံးသည် မီးတောက်သွားပြီး မီးခိုးငွေ့များထွက်လာလေတော့သည်။ ထိုမီးခိုးငွေ့၏ပုံစံသည်ထင် ရှားလာပြီး လူပုံသဏ္ဍာန်ပြောင်းလဲသွားလေသည်။ ထို့နောက် အနက်ရောင်ခေါင်းဆောင်းတစ်ခုကို ဆောင်းထားသောလက်တွင် သော့တွဲကြီးတစ်ခုကိုင်၊ လက်တစ်ဖက်တွင် စာအုပ်ကြီးတစ်အုပ်ကို ကိုင်ထားသော ဝတ်စုံအညိုအရှည်ကြီးကို ဝတ်ဆင်ထားသည့် အသက်အရွယ်ဘယ်လောက်မှန်းမသိသော လူကြီးတစ်ယောက်ပေါ်လာလေသည်။ ထိုလူကြီး၏ ပုံစံသည် မှော်ကားများတွင်ပါဝင်သော မှော်ဆရာတစ်ယောက်ဝတ်ဆင်ထားသည့်ပုံစံမျိုးဖြစ်နေလေသည်။ လင်းမို့လည်း တော်တော် အံ့သြတုန်လှုပ်သွားပြီး အရမ်းလည်း စိတ်ထဲမှာ ပျော်ရွှင်သလိုလည်း ဖြစ်လာခဲ့လေသည်။ ထိုလူကြီးမှ -

"ကိုလင်းမို့မှိုင်းက ကျွန်ုပ်ကိုသိလိမ့် မယ်တော့ မထင်မိပါဘူး။ ထူးခြားသော ဘဏ္ဍာများကို သိုလှောင်ထားသော ဆန်းကြယ်သော နေရာများအတွက် သော့ကိုင် သီဗီလ ပါ ..။ တတိယမြောက် သန်းခေါင်ယံကျောင်းတော်ကြီး၏ မှတ်တမ်းစာအုပ် ကုတင်အောက်ကို ပြုတ်ကျသွားလို့ စားပွဲပေါ်ကိုတင်ခဲ့သူကလည်း ကျွန်ုပ်ပင်ဖြစ်ပါတယ်။ စာအုပ်မှ ရွေးချယ် ခဲ့သော လူလေးမျိုးတွင် ကိုလင်းမို့မှိုင်းက တစ်မျိုးပါဝင်နေပါတယ်။ ကမ္ဘာ့လောကကြီးတွင် အထူးဆန်းဆုံး၊ အဆန်းကြယ်ဆုံးနေရာများစွာရှိပါတယ်။ အခုရောက်နေတဲ့နေရာကတော့ ကျူပစ်အချစ်နတ်သား၏ တော်ဝင်မြားများ ထားတဲ့နေရာပဲဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရလျှင် ကျူပစ်အချစ်နတ်သား ပစ် ခွင်းလို့ တူနှစ်ကိုယ် ချစ်ဆုံကြသည့် စကြဝဠာကျော် ပုဂ္ဂိုလ်များ၏ ပစ်ခွင်းခဲ့သောမြားများကို သိမ်းဆည်းထားသည့်နေရာဖြစ်ပါတယ်.."

ဟုဆိုကာ သော့ကိုင်ထားသောလက်ကို ဝှေ့ယမ်းလိုက်သည်။ သော့အသံများဆူညံသွားသည့်အခါ ထူးဆန်းသောလေပုံစံတစ်ခု ဖြစ်တည်လာပြီး လိုဏ်ဂူအတွင်းသို့ ပျံ့နှံ့ဝင်ရောက်သွားလေသည်။ ထိုလှိုင်းများဝင်ရောက်သွားသောအခါ ပန်းချီများအောက်တွင် အံဆွဲများ ပွင့်လာပြီး အံဆွဲအတွင်းမှာ ရွှေရောင်အဆင်းရှိသောမြားများသည် လေပေါ်သို့ဝဲပျံလာပြီး ဓာတ်ပုံရှေ့တွင်တည်လျက်နေသည်။ ထို့နောက် အံဆွဲများသည် ပြန်ပိတ်သွားပြီး နံရံများအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

"ဒီမြားတွေက ကျူပစ်ပစ်လိုက်လို့ ချစ်သူဖြစ်သွားကြတဲ့ စကြဝဠာအကျော်အမော်တွေကို ပစ်ခွင်းခဲ့တဲ့မြားတွေလား..."

"ဟုတ်တာပေါ့ ... ဒါတွေက သူတို့ရဲ့ပန်းချီကားတွေပဲ ...။ စကြာမင်းတို့၊ စကြဝတေးမင်းတို့၊ မှော်ပညာကြီးသူတွေ၊ အချစ်ကြီးသူတွေ စတဲ့ လူတွေအများကြီးရဲ့ပုံတူပန်းချီကားတွေပါပဲ ....။ ပထမဦးစွာရှုစားကြည့်ပါ..။"

ပထမတစ်ခါ လင်းမို့ဆွဲလိုက်သောနေရာတွင်ရှိသော ပန်းချီကို ကြည့်လိုက်လေသည်။ အင်္ကျီ ဝတ်ဆင်ထားခြင်းမရှိသော၊ ရုပ်ရည်မသဲကွဲသောလူနှစ်ယောက်ပုံရှိလေစည်။ ထိုပုံ၏အောက်တွင် "အာဒံနှင့်ဧဝ" ဟုရေးသားထားလေသည်။ မြား၏ပုံစံသည် မြားထိပ်မှာ အသည်းပုံ ပုံစံဖြစ်ပြီး မြား၏နောက်ဆုံးတွင်လည်း အသည်းပုံ ပုံစံလေးတစ်ခုရှိနေလေသည်။ မြားကိုလည်း ထူးဆန်းသော ကြိုးတစ်ချောင်းက ပတ်ထားလေသည်။ ကြိုး၏ပုံစံသည် အနမြူပုံစံလင်းနေပြီး ရွှေရောင်ပေါ်တွင် အနမြူကြိုးတစ်ခုပတ်နေသလို ဖြစ်နေလေသည်။ထိုအပေါ်တွင်လည်းထူးဆန်းသော စကားလုံးများလည်း ရှိနေသည်။

"ဒီမြားက အာဒံနဲ့ဧဝကို ပစ်ခွင်းတဲ့မြားတဲ့လား ...။ အာဒံနဲ့ဧဝဖြစ်ကတည်းက မြားကိုပစ်တဲ့ ကျူပစ်က စရှိနေပြီလား..."

"ဒီမြားကတော့ ကျူပစ် ပစ်ခွင်းခဲ့တာမဟုတ်ပါဘူး ..။ စကြဝဠာ၏ ချစ်ခြင်းတရားစီရင်ရေးအဖွဲ့ချုပ်၏ ချစ်ခြ င်းတရားဖန်တီးရှင် အာလီက ပစ်ခွင်းခဲ့တဲ့မြားပါ ...။ နှစ်ကြာလာတဲ့အခါမျိုးတွေမှာ အချစ်နတ်သားများက ပြောင်းလဲထိန်းသိမ်းရပါတယ်။ အခုအချိန်က ကျူပစ်အချိန်ဖြစ်ပါတယ်။ ထို့ကြောင့် သူ့ကိုထိန်းသိမ်းပေးထားရတာပါ..."

"ဒါဆိုရင် ကျူပစ်ကကော ဒီဂိတ်ထဲမှာရှိတာလား ..."

"ရှိပါတယ်။ ကို လင်းမိုမှိုင်းနဲ့တွေ့ဆုံဖို့အတွက် ယခုကမ္ဘာထဲသို့ ခေါ်ဆောင်ခြင်းပဲဖြစ်ပါတယ်။ အခု ကျွန်ုပ်နဲ့အတူ ဒီအတိုင်းလိုက်လာခဲ့ပါ။ တွေ့ရပါလိမ့်မယ်.."

လင်းမို့စိတ်ထဲမှာလည်း အရမ်းကို အံ့သြတုန်လှုပ်စွာဖြင့် အဝတ်ခြုံထားသော ဘိုးတော်ကြီး၏နောက်ကို လိုက်သွားလေတော့သည်။ လမ်းတစ်လျှောက်လုံးတွင်လည်း ဓာတ်ပုံများဖြင့် ပြည့်လျက်ရှိပြီး မြားတံကတော့ လေပေါ်မြောက်လျက်ရှိနေလေသည်။ တော်တန်သင့်ရုံအချိန်လောက် လျှောက်ပြီးသည့်အခါ လမ်းကြောင်းကြီးသည် သုံးခြမ်းကွဲထွက်သွားပြီး ဘယ်ခြမ်းနှင့်ညာခြမ်းတွင် ပန်းချီများ မြားများဖြင့် ပြည့်လျက်ရှိနေသည်။ အလယ်တည့်တည့်တွင် ကြီးမားသော တံခါးကြီးတစ်ခုရှိလေသည်။ တံခါးတစ်ခုသည် အရမ်းကြီးမားလှပြီး သော့ပေါက်များ တံခါးပေါက်တွင် အများကြီးတည်ရှိနေလေသည်။ ထိုသော့ပေါက်များတွင် အနီးဆုံးဖြစ်သော ညာဘက်တွင်ရှိသော သော့ပေါက်ကို လက်ထဲတွင်ရှိသောသော့ဖြင့် ထိုးဖွင့်ချလိုက်သည်။ သော့ကိုင်လို က်သည့်အချိန်တွင် လူကြီး၏ ဘယ်ဘက်တွင် ကိုင်ထားသော စာအုပ်သည် ဘယ်ရောက်သွားမှန်း မတွေ့ရတော့ချေ။ (၁)မိနစ်ခန့်လောက် လူကြီးသည် အလွန်မြန်သော အရှိန်ဖြင့် ဘယ်၊ ညာ၊ အောက် စသောသော့များကို ဖွင့်လိုက်လေသည်။ လင်းမို့လည်း အနောက်ကိုလှမ်းကြည့်လိုက်သောအခါ မြို့ပေါ်တွင် တည်လျက်ရှိနေသော မြားတံများသည် ပျောက်ကွယ်သွားပြီး တံခါးတစ်ချပ်ကိုသာ မြင်ရတော့သည်။ စောစောက ဖြတ်လျှောက်ခဲ့သော ဥမင်လိုဏ်ခေါင်းကြီးသည် ပျောက်ချင်းမလှ ပျောက်ကွယ်သွားလေသည်။ လင်းမို့လည်း ထိုအချင်းအရာကို လူကြီးအားပြောမည်ဟု လှည့်လိုက်သောအခါ ........။

အပိုင်း(၅)ကိုဆက်လက်ဖတ်ရှုပေးပါရန်။

မိုးကြယ်စင်

## ကျောက်မျက်ကဏ္ဍ

# "ပယင်း(Amber)အကြောင်းသိကောင်းစရာ"

(စွမ်းအင်(Energy)၊ ဂြိုလ်(Planet)၊ တနင်္ဂနွေဂြိုလ်၊ ဓာတ်သဘာဝ(Element)၊ မီးဓာတ်(တေဇော)၊ အာကာသဓာတ်၊ နတ်ဘုရား(Diety)၊ မဟာမိခင်(The Great Mother)၊ စွမ်းအားများ(Power)၊ ကံကောင်းခြင်း၊ ကုစားပေးခြင်း၊ အင်အား၊ ကာကွယ်ပေးခြင်း၊ လှပစေခြင်း၊ ချစ်ခြင်းမေတ္တာ )

### ဂမ္ဘီရအသုံးများ{Magical Uses)

ပယင်းသည် လူသားတို့၏ အဆင်တန်ဆာအဖြစ် အသုံးပြုခဲ့ကြသော ကျောက်မျက်ရတနာ တန်းဝင်ထဲမှ ရှေးအကျဆုံးရတနာထဲတွင်



ပါဝင်သည်။ ပယင်းပတီး၊ ဆွဲပြား၊ ဆွဲသီးများကို ဥရောပမြောက်ပိုင်းတွင် ဘီစီ(၈၀၀၀)လောက်ကတည်းက အသုံးပြုခဲ့ကြကြောင်း တွေ့ရှိခဲ့ရသည်။
ပယင်းသည် စင်စစ်အားဖြင့် ကျောက်မဟုတ်ပါ။ အဆီထွက်သော အပင်တစ်မျိုး(ထင်းရှူးပင်တစ်မျိုးဟု ဆို)၏ အဆီမှ ခဲ၍ ကျောက်သားသဖွယ် ဖြစ်လာခြင်းဖြစ်သည်။ ရံဖန်ရံခါ ပယင်းထဲ၌ အင်းဆက်ပိုးမွှားများကို ပုံစံမပျက် တွေ့ရှိရတတ်ပါသည်။ နှစ်သန်းပေါင်း အနည်းဆုံး ၂၅ သန်းမှ သန်း ၅၀ အတွင်း ကြာခဲ့ပြီး ကျောက်ဖြစ်လာခဲ့သော သစ်စေးမျိုးဖြစ်သည်။ရှားပါးအနေဖြင့် နှစ်သန်း၃၂၀ ရှိသော ပယင်းကိုလည်း မှတ်တမ်းတင်ထားကြသည်။ ပယင်းဟာ ကျောက်မျက်ရတနာ၉ပါးထဲမှာ အပေါ့ပါးဆုံးဖြစ်ပြီး မာခြင်းအဆင့် (၂.၅)သာရှိကာ သိပ်သည်းဆလည်း ၁.၀၇သာ ရှိသောကြောင့် အပူချိန်ကို ခံနိုင်ရည်မရှိပဲ ကြွေကွဲပျက်ဆီးလွယ်ပါသည်။ မီးရှို့လျှင် အလွယ်တကူ လောင်ကျွမ်းနိုင်ပါသည်။
ပယင်းအစစ်ဟာ အလင်းပေါက်ပြီး ပေ့ါပါးတာကြောင့် ဆားငံရည်မှာ ရေပေါ်ပေါ်နေနိုင်ပါသည်ည အခြားသော ကျောက်မျက်ရတနာတွေဖြစ်တဲ့ ကျောက်စိမ်း တာကွိုက်ဇ်တို့လို ကျောက်မျက်တွေဟာ အခန်းတွင်း အပူချိန်ထက် အနည်းငယ်အေးသော ဂုဏ်သတ္တိကိုရှိသော်လည်း ပယင်းမှာ လူ့အရေပြားနှင့် ထိတွေ့ပါက အနည်းငယ် ပူနွေးနေပါသည်။ အရက်ရဲ့ အရောင်ဖြစ်တဲ့ ဝါရွှေရွှေ အကြည်ရောင်ကို ပယင်းရောင်ရယ်လို့ တင်စားကြတာ ကြားဖူးကြပေမယ့် ပယင်းမှာ နီညိုရောင်၊ လိမ္မော်ရောင်၊ အစိမ်း၊ နင်းဆီရောင်၊ အဝါရောင်၊ ခရမ်းရောင်၊ အဖြူရောင်အထိ ရှိပြီး ရှားရှားပါးပါး ခရမ်းပြာရောင်အထိ တွေ့ရတတ်ပါသည်။
ဘောလ်တစ် ပင်လယ် ကမ်းခြေတစ်လျှောက်မှာ ပေါ့ပါးသော ပယင်းတွေကို ပင်လယ်ရေလှိုင်းများနှင့်ကမ်းခြေကိုရောက်ရှိလာတတ်ကာ ကမ်းစပ်တစ်လျောက်မှာရင်း ရေတိမ်းပိုင်းမှာ ရေငုတ်ပြီးသောရင်း အလွယ်ရှာတွေ့နိုင်သည်။ ကမ်းခြေတစ်လျှောက် ပုံစံအမျိုးစုံ အရောင်မျိုးစုံနှင့် ပယင်းများကို အများအပြားတွေ့ရတတ်ပြီး အပြာရောင် ပယင်းကို အထူးအရောင်းအဝယ်လုပ်ကြသော်လည်း ၎င်းအပြာရောင်မှာ ဘောလ်တစ်ဒေသထွက် မဟုတ်ဘဲ ဒိုမီနီကန်က ထွက်သော ပယင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကချင်ပြည်နယ် ဟူးကောင်း တောင်ကြား တနိုင်းနယ် နှင့် စစ်ကိုင်းတိုင်း ခန္တီးနယ်တို့တွင် ထွက်ရှိသည်။ မြန်မာအပြင် ပယင်းထွက်ရှိသော အခြားနိုင်ငံဖျားမှာ ပိုလန် ရိုမေးနီးယား ကနေဒါနှင့် အမေရိကန်တို့ ဖြစ်သည်။
မြန်မာပြည်တွင် ထွက်ရှိသော ပယင်းမှာ အရည်အသွေးကောင်းပါက တစ်ကျပ်သားလျှင် တစ်သိန်းအထိ ဈေးရနိုင်ပြီး အထက်တွင် ဖော်ပြသကဲ့သို့ သစ်ကိုင်းများ အကောင်ပလောင်များ ပါဝင်ပါက ဈေးပိုရကြောင်း သိရသည်။ တစ်ချို့ကို ကျပ်သိန်း၅၀ အထိ

ပေးကြောင်းသိရသည်။ ရှေးရောင်းယင်းမှာ ဈေးကွက်အတွင်း လူကြိုက်များပြီး တိုင်းရင်းသား အချို့မှာ ပယင်းကို ဝတ်ဆင်လေ့ရှိကြပါသည်။ တရုတ်လူမျိုးများဟာ သွေးလည်ပတ်မှု ကောင်းစေရန်ငှင်း ကံကောင်းစေရန်ငှင်း ပယင်းကို အဆောင်ကျောက်အဖြစ် ဝတ်ဆင်ကြသည်။ ပွဲလမ်းသဘင်များတွင် ချမ်းသာကြွယ်ဝသူများက ဂုဏ်သိက္ခာတစ်ရပ်အဖြစ်ပယင်းကို မီးရှို့တတ်ကြသည်။မြန်မာနိုင်ငံ၏ အဓိက ဝယ်လက်မှာ တရုတ် ထိုင်းနှင့် တိဘက် နိုင်ငံတို့ဖြစ်သည်။

သစ်ပင်ရဲ့ အစေးကနေ ဖြစ်လာတဲ့ ပယင်းထဲမှာ ပယင်းမဖြစ်ခင် သစ်စေး အခြေအနေမှာ မတော်တဆ လာရောက် ကပ်ငြိနေသော သစ်ပင်ရဲ့ အစအနများ သစ်ရွက် ပျား လိပ်ပြာ ပုရွက်ဆိတ် ပိတုန်းစသော အကောင်ငယ်များမှာ ရုန်းထွက်မရတော့ပဲ သစ်စေးများနှင့်အတူ နှစ်သန်းပေါင်းများစွာ ကြာသောအခါ ပယင်းထဲတွင် ရုပ်ကြွင်း အဖြစ် ပါဝင်နေတတ်ပါသည်။

ရှေးရောမ ကျွန်ခေတ်တွင် ပယင်းလည်ဆွဲ ခပ်သေးသေးကို ကျန်းမာ သန်စွမ်းတဲ့ ကျွန်တစ်ယောက်ထက် ဈေးပိုပေးပြီး အဆောင်အဖြစ် ဝတ်ဆင်အသုံးပြုကြသည်။ ပယင်းကို ရေမွှေးများ ဖော်စပ်ရာတွင်ငှင်း ဆေးဖော်စပ်ရာတွင် ငှင်း အသုံးပြုကြသည်။

ပယင်းသည် ကျောက်မျက်ရတနာကဲ့သို့ မဟုတ်ဘဲ ဝတ်ဆင်သူအတွက် အသက်ဓာတ်ကို ပိုင်ဆိုင်စေသည်ဟု ယူဆကြသည်။ ရှေးခေတ် တရုတ်လူမျိုးတို့သည် ကျားများသေဆုံးပြီးနောက် ကျားဝိညာဉ်ကို ပယင်းသို့ ရွှေ့ပြောင်းစေ၍ အသွင်ပြောင်းခဲ့သည်ဟု ယုံကြည်ကြသည်။ ရှေးခေတ်က မိခင်နတ်ဘုရားများကို ပူဇော်ပသရာတွင် ပယင်းကို အသုံးပြုကြသည်။

ပယင်းသည် ကျောက်ဖြစ်ရုပ်ကြွင်းသဖွယ်ဖြစ်ပြီး ခေတ်ကာလတစ်ရပ်နှင့် ဆက်စပ်နေပေရာ အသက်ရှည်ခြင်းကို ပေးဆောင်ကြောင်း မှတ်ယူကြသည်။ အလားတူပင် သက်ရှိသတ္တဝါဖြစ်သော ပိုးမွှားများ၏ ရုပ်ကြွင်းကိန်းအောင်းနေပြီး အာကာသဓာတ်နှင့် ဆက်စပ်နေကြောင်း လက်ခံထားကြသည်။ ယင်းကို ပဉ္စမမြောက် ဓာတ်သဘာဝဟု ခေါ်ပြီး မြေ၊ ရေ၊ လေ၊ မီးဟူသော ဓာတ်ကြီးလေးပါး၏ အပေါင်းအစုအဖြစ် သတ်မှတ်ကြသည်။ အာကာသဓာတ်သည် အသက် ၊ ဘဝ(အပင်၊သတ္တဝါ၊လူ)တို့နှင့် ပတ်သတ်ကြောင်း လက်သင့်ခံထားကြသည်။

အချို့မှော်ပညာရှင်များသည် အထူးသဖြင့် အမျိုးသမီးများတွင် ပယင်းကို လည်ဆွဲ(ဝါ) ပတီးအဖြစ် ဝတ်ဆင်ကာ ရုပ်ဒြပ်သဏ္ဍာန်ကို ပြောင်းလဲအောင် ဖန်တီးပြုပြင်တည်ဆောက် စေခဲ့ကြသည်။ ထိုကြောင့် ပယင်းသည် နတ်ဘုရားနှင့် နတ်ဘုရားမများ၏ ထုတ်လွှတ်မှု ခံယူမှု စွမ်းအင် နှစ်ရပ်လုံးနှင့် ပတ်သတ်ကြောင်း ၎င်းတွင် ဂမ္ဘီရစွမ်းအင်၏ ထိရောက်မှုအား မြင့်မားလှကြောင်း ရောမခေတ်က ယုံကြည်ကြသည်။

ပယင်းကို သိုးမွှေးစ(ဝါ) ပိုးစဖြင့် ပွတ်တိုက်ပေးပါက လျှပ်စစ်ဓာတ်ထွက်လာပြီး သေးငယ်သော အရာဝတ္ထုများကိုပင် စွဲငင်အားကြီးကြောင်း သတ်မှတ်ကြသည်။ ရှေးဂရိတို့၏ အီလက်(ခ်)ထရွန်(Electron)ဟူသော စကားလုံးမှ ခေတ် အီလက်ထရစ်စီးတီး (electricity) ဟူသော ဝေါဟာရမှ ဆင်းသက်ပေါက်ဖွားလာခြင်း ဖြစ်သည်ဟု သတ်မှတ်ကြသည်။

ပယင်းသည် ဆန်းပြား လျှို့ဝှက်သော သဘာဝရှိပြီး ဂမ္ဘီရတန်ဖိုး မြင့်မားသော အရာဝတ္ထုဖြစ်ပြီး ကမ္ဘာပေါ်ရှိ ဂမ္ဘီရတန်းဝင်ပစ္စည်းများ အားလုံးထဲ၌ ကျယ်ပြန့်စွာ အသုံးပြုနိုင်သည့် အရာအဖြစ် သုံးကြသည်။

ပယင်းအတု အစစ် ခွဲခြားနည်း

ဦးစွာ ပယင်းအစစ်နှင့်အတု နှစ်ခုလုံးကို ရိုးရိုးရေထည့်ထားသော ဖလားခွက်(သို့)ကြေင်းခွက်ထဲသို့ နှစ်ချလိုက်ပါ ပယင်းအတုနှင့်အစစ် နှစ်ခုစလုံးသည် ရိုးရိုးရေထဲတွင်နစ်ဝင်သွားသည်ကိုတွေ့ရမည်။ ထိုနောက်ရှိပြီးသား ရိုးရိုးရေထဲသို့ ဆား စတီးဇွန်းတစ်ဇွန်းခန့်ထည့်ကာ ဆားဖျော်ရည်အဖြစ်ပြုလုပ်လိုက်ပါ။ ၎င်းနောက် ပယင်းအစစ် နှင့် အတု နှစ်ခုလုံးကို ၎င်းဆားဖျော်ရည်အတွင်းသို့ နှစ်ချလိုက်ပါ။ ပယင်းအတုမှာ ဆားဖျော်ရည်ထဲတွင် နစ်မြုပ်သွားပြီး အစစ်မှာ ပေါလောပေါ်နေမည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။ ၎င်းနည်းမှာ ပယင်း အစစ် နှင့် အတုကို လျင်မြန်စွာ ခွဲခြားနိုင်သော နည်းကောင်းဖြစ်ပါသည်။

## ဂမ္ဘီရ ဓလေ့ထုံးတမ်း(Magical Lore)

ပယင်းကို ကျောက်မျက်ရတနာအချို့နှင့် တွဲ၍ တွေ့ရတတ်ပြီး ဂမ္ဘီရကိစ္စအားလုံးနီးပါးတွင် အသုံးပြုကြသည်။မရေမတွက်နိုင်သော ဂမ္ဘီရအစီအရင်များတွင် အသုံးပြုနိုင်သည်။

ပယင်းကို ဖန်စ ပလပ်စတစ်စများဖြင့် အတုပြုလုပ်ပြီး ရောင်းချတတ်ခြင်းကြောင့် သတိပြု၍ ရွေးချယ်ရပါသည်။ ပုံမှန် ကျောက်သားတို့ထက်ပေါ့ပါးပြီး အထူးသဖြင့် ဆားငံရည်တွင် ရေပေါ်ပေါ်သည်။

ပယင်းပုတီး လည်ဆွဲတို့ကို ဝတ်ဆင်သူအား ကောင်းစွာအကာအကွယ်ပေးတတ်သည်။ မကောင်းသော လောကီပညာ(အဆိုးပြုမှော်ပညာ)မျိုး၏ တိုက်ခိုက်မှုဒဏ်မှ အကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် ကလေးများတွင် ပိုမိုထိရောက်သော ကာကွယ်မှုကို ဖြစ်စေနိုင်သည်။ ပယင်းပုတီး လည်ဆွဲ တစ်မျိုး ဝတ်ဆင်ထားသော ကလေးများ၏ ကျန်းမာရေးကို ကောင်းစွာထိန်းသိမ်းပေးထားနိုင်ပြီး ကလေးများ၏ အိပ်ခန်းတွင်း၌ အကာအကွယ်အဖြစ် ထားပေးနိုင်ပါသည်။

သင့်တွင် မကောင်းသော ခံစားရမှုများ လွှမ်းမိုးလွန်ပြီး မိမိကိုယ်ကို မကောင်းသော လောကီပညာဖြင့် တိုက်ခိုက်မှုခံရသည်ဟု ယူဆမိပါက

အဖြူရောင် အလင်းတိုင်(ဖယောင်းတိုင်)ကို ကြမ်းပြင် (သို့) မြေပြင်တွင် ထွန်းညှိစိုက်ထူးပေးပါ။ ထိုနောက် ပယင်းတစ်ခုကို ကိုင်၍ ၎င်းအလင်းတိုင် အနီးတွင်ထိုင်ကာ သင့်ခန္ဓာကို စက်ဝိုင်းသဏ္ဍာန် စည်းချနေသည်ဟု စိတ်ကခံစားပေါ်ရမည်။ လိုအပ်သည်ထင်တိုင်း ထိုကဲ့သို့ ထပ်တလဲလဲ လုပ်ဆောင်ပေးပါ။

အခြားကာကွယ်ခြင်း အစီအရင်တစ်ရပ်တွင် ပယင်းပုတီးဆု(၉)စေ့ကို အလွန်နွေးသော ရေ၌စိမ်၍ ရေချိုးပေးရခြင်း ဖြစ်သည်။ ရေချိုးကန်(ဝါ) စည်ပိုင်း (ဝါ) စဉ့်အင်တုံကြီးအတွင်း ဆင်း၍ နွေးသောရေ အေးသွားသည့်တိုင် စိမ်နေပါ ထို့နောက် ပယင်းပုတီးစေ့များကို ထုတ်ယူပြီး ကိုယ်လက်သုတ်သင်ကာ ခြောက်သွေ့အောင်ပြုပါ။

ရှေးက မှော်ပညာရှင်များ ရှာမင်လောကီပညာရှင်ကြီးများသည် ပယင်းပုတီးကို လောကီအစီအရင် ပြုလုပ်ရာတွင် ဝတ်ဆင်ထားလေ့ရှိသည်။ ပယင်းအရွယ် ခပ်ကြီးကြီးကို သင်၏ လောကီ အစီအရင် ပြုရာတွင် အသုံးပြု၍ စွမ်းအားထက်မြက် ထိရောက်စေနိုင်ပါသည်။

ပယင်းနှင့် ကျန်းမာရေး

ပယင်းကို အလှကျက်သရေတိုးအောင် ဝတ်ဆင်နိုင်ပြီး ယေဘုယျအားဖြင့် ဆွဲဆောင်မှုညို့ဓာတ်ကို ဖြစ်စေနိုင်ပါသည်။

ပယင်းဝတ်ဆင်သူများမှာ အချစ်ရေးတွင် ဆွဲငင်အားကောင်းခြင်း စိတ်ချမ်းသာ ပျော်ရွှင်မှု ခံစားရခြင်းတို့ကို ပေးစွမ်းသည်။

အမျိုးသမီးများအတွက် ငါး ၊ ဖား ၊ ယုန်ရုပ်များထုလုပ်၍၎င်း ၊ အမျိုးသားများအတွက ခြေသေ့်၊ ခွေး ၊ နဂါးရုပ်များ ထုလုပ်ပြီး ဝတ်ဆင်ခြင်းအားဖြင့် ကာမစွမ်းအား ကောင်းစေပြီး သားသမီးထွန်းကာစေသည်ဟု ယုံကြည်ခဲ့ကြပါသည်။ မြုံသူများအတွက် အသုံးပြုပေးနိုင်သည်။

ပယင်းကို ဝတ်ဆင်ခြင်းအားဖြင့် လူသား၏ ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။ နားထိုင်းခြင်း ၊ မြုံခြင်း ၊လည်မျိုနာ ၊ နားကိုက်ခြင်း ၊ လေးဘက်နာ ၊ အစာမကြေခြင်း နှင့် ကိုယ်ခန္ဓာတွင်း၌ ဖြစ်သော ရောဂါများကို သက်သာစေပြီး အကာကွယ်ဖြစ်စေသည်။ ပယင်းလုံးကို လက်ထဲတွင် ဆုတ်ကိုင်ကစား ပေးခြင်းဖြင့် ဖျားနာသူများအား သက်သာပျောက်ကင်းစေသည်ဟု ဆိုကြသည်။ ထိုပြင် ပယင်းသည် ဝတ်ဆင်သူ၏ မျက်စိအမြင်အားကို တိုးတက်ကောင်းမွန် စေနိုင်ပါသည်။

ပယင်းမှုန့်ကို သားဖွားသူ မိခင်လောင်၏ အနီးတွင် မီးရှို့ပေးခြင်း(သို့) မီးခဲပေါ်တွင် အမှုန့်ဖြူးပေးခြင်းဖြင့် သားဖွားရလွယ်ကူသည်ဟု ရှေးက ယုံကြည်ဆောင်ရွက်ခဲ့ကြသည်။

ပယင်း၏ ဂမ္ဘီရ လောကီပညာ အသုံးဝင်မှုမှာ အထက်က ဖော်ပြခဲ့သည့်ထက် များစွာ ကျယ်ပြန့်ပါသည်။ ဝတ်ဆင်သူအား အင်အားတိုးတက်စေပြီး စီးပွားရေး အောင်မြင်စေခြင်း စန်းပွင့်စေသည့် အချစ်ရေး အဆောင်ကောင်းဖြစ်ခြင်း စသည်ဖြင့် များစွာ အသုံးပြုနိုင်သေးသည်။ ပယင်းမှုန့်ကို မည်သည့် အမွှေးတိုင်တွင်မဆို ထည့်သွင်း ပြုလုပ်ခြင်းဖြင့် ပိုမိုထိရောက်သော စွမ်းအားကို ဖြစ်စေပါသည်။

ထိုကြောင့် အချုပ်အားဖြင့် အာနိသင် စွမ်းပကားကြီးမားသော တန်းဝင်ရတနာတပါး ဖြစ်သည်။ ပယင်းကို လက်ဝတ်ရတနာအဖြစ် အလှဆင်အသုံးပြုသော ဖန်စီပစ္စည်းသက်သက်ထက် အဆပေါင်းများစွာ သာလွန်သော လောကီအကျိုးကျေးဇူးများကို ရရှိခံစားရမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ပယင်း ၏ ဓာတု ဂုဏ်သတ္တိများ**

===================

ပယင်း ကို ပုံဆောင်မဲ့ ပိုလီမာ ဖန် အဖြစ် အဖြစ်ဖော်ပြခဲ့ ပါတယ်. .ပယင်းတွင် ပါဝင်သောပိုလီမာ ကို cyclic ဟိုက်ဒရိုကာဗွန် သို့ terpenes ဟု ခေါ်သည် . . ယင်းသည် သစ်စေးမှ ရရှိသော silicon ကဲ့သို့သော အရည် turpentine နှင့် ဆင်တူကာ တခါတရံ တင်ဒါ အဖြစ် အသုံးပြုကြသည် . . ပယင်းတွင် ကာဗွန် ၇၉ % hydrogen ၁၀ % နှင့်အောက်ဆီဂျင် ၁၁% ပါဝင်ကာ Sulphur အနည်းငယ် ပါဝင်သည် . .ပယင်းသည် organic ပျော်ရည် တမျိုးဖြစ်သော်လည်း ယင်းသည် alcohols နှင့် ဓာတ်ပြုလေ့ မရှိပါ . .

**ပယင်း၏ရူပ ဂုဏ်သတ္တိများ**

=================

နိုင်ငံခြား ပယင်း သည် မာဆင့် ၂ ရှိကာ မြန်မာပယင်းသည် ပိုမိုမာကျောပြီး မာဆင့်၃ ထိ ရှိပါသည်. .လက်သည်းခွံ နှင့်မာဆင့်အတူတူဖြစ်ကာ အလွယ်တကူ ခြစ်နိုက်ပေသည် . .S.G 1.04 နှင့် 1.10 အကြား ရေချိန် သိပ်သည်းဆ ရှိပြီး ရေ သိပ်သည်းဆ ဖြစ်သော 1.00 ထက် အနည်းငယ်သာ လေး ပါသည် . .အချို့သော ပယင်းတွင် လေပူဖောင်းလေးများ ပါဝင်တတ်ကာ ယင်းသိပ်သည်းဆ ကိုလျော့စေ ပြီး ရေပေါ်တွင်ပင် ပေါ်တတ်ပါသည်. .ထို့ကြောင့် ပယင်းသည် မြစ်ချောင်း မြေဆီလွှာတို့ ပို့ချဆောင်ယူခြင်း ခံရခြင်းဖြစ်သည် ..ပယင်း ၏ ပျော်မှတ်မှာ ၂၀၀ နှင့် ၃၀၀ ဒီဂရီ စင်တီဂရိတ်ဖြစ်သည် . .ဖာရင်ဟိုက်အားဖြင့် ၃၉၂ မှ ၅၇၂ ဒီဂရီ ဖာရင်ဟိုက် ဖြစ်သည်..သို့သော် ယင်းသည် ပျော်ဆင်း မသွားပဲ မဲသွားပြီး လောင်ကျွမ်း ပါသည် . .ပယင်းသည် uv တွင် အပြာတောက်ပါသည် .

.ပယင်းကို ပွတ်တိုက်လျှင် လျှပ်စစ်ဓာတ် ထွက် ပါသည် . .ပယင်းသည် နွေးသော အထိအတွေ့ရှိ ပြီး အလွယ်တကူ ကျိုးပဲ့ တတ်ကာ ခရုပတ်အက်ရာ ရှိပါသည် . .


မှီငြမ်း - ဟိန်း(ဘူမိ)၏ ပယင်းအကြောင်း

Cunninghanm’s Encyelopedia of Crystal Gem & Metal Magic

ဆိုင်းအောင် ပယင်းရတနာ ဆောင်းပါး

**Forum Article**

# "မှော်ပညာနဲ့ပါဝါတွေထွက်နိုင်လေသလား"

ဒီတစ်ခေါက် Forum Article ကဏ္ဍမှာတော့ မှော်ပညာလေ့လာသူအချို့စိတ်အဝင်စားဆုံး မေးခွန်းဖြစ်တဲ့ ဇာတ်လမ်းတွေထဲကလို မှော်ပါဝါတွေ မီးတွေ ကျွန်တော်တို့ကိုယ်ထဲကနေထွက်လာနိုင်လားဆိုတဲ့အကြောင်းအရာလေးပါ။ ရုပ်ရှင်တွေထဲက စွမ်းအားရှင်တစ်ချို့၊ မှော်ဆန်တဲ့ဖြစ်ရပ်တစ်ချို့ အကြောင်းနဲ့ လက်ရှိခေတ်ရဲ့ ဖြစ်နိုင်ချေရှိမရှိအကြောင်းကို ကျွန်တော်တို့ ဆွေးနွေးကြည့်ကြရအောင်လား။

မှော်ပညာဆိုတဲ့အရာဟာ သဘာဝတရားကြီးက အထူးပြုထားတဲ့ဆန်းကြယ်မှုတွေကို အကျိုးတရားအဖြစ်ရယူကာ အကြောင်းတရား သက်ရောက် စေခြင်းပဲဖြစ်ပါတယ်။ သဘာဝတရားကြီးကို ကျွန်တော်တို့ဘယ်လိုထိန်းချုပ်နိုင်တာပါလဲ ..။ အဲ့ဒီထိန်းချုပ်နိုင်စွမ်းကကော ဘယ်ကရတာပါလဲ။ သူ့ရဲ့ အရင်းအမြစ်ကကော ဘာပါလဲ..။ ကမ္ဘာလောကကြီးတစ်ခုလုံးကို အမှုန်များ၊ ဓာတ်များဖြင့်ဖွဲ့စည်းထားပါတယ်။ ကျွန်တော်တို့မှာ ဒီအရာတွေကို ထိန်းချုပ်နိုင်စွမ်းတွေ ငယ်စဉ်ကတည်းက ပါလာခဲ့ကြပါတယ်။ သက်ရောက်မှုတိုင်းမှာ တန်ပြန်သက်ရောက်မှုရှိသကဲ့သလို့ သက်ရောက်မှုတိုင်းမှာ ဆင့်ကဲ သက်ရောက်မှုများလည်းရှိနိုင်ပါတယ်။ ဥပမာ မြန်မာနိုင်ငံက ပုဇဉ်းတစ်ကောင်တောင်ပံခတ်လိုက်တဲ့အရှိန်ရဲ့ ဆင့်ကဲသက်ရောက်မှုကြောင့် အမေရိကမှာ မုန်တိုင်းကြီးတစ်ခုဖြစ်သွားတာမျိုးတွေရှိပါတယ်။

ဇာတ်လမ်းတွေထဲမှာပါတဲ့ ချက်ချင်းဝုန်းဒိုင်းဖြစ်သွားတယ်ဆိုတာမျိုးဟာ တကယ်ရှိပေမယ့်လည်း ရုပ်ရှင်တွေထဲကလို လုပ်ရ၊ ကျင့်ကြံရလွယ်ကူ သောအရာများမဟုတ်ကြပါ။ ဥပမာ Frozen ရုပ်ရှင်ကားထဲမှ မင်းသမီးလေးလို လက်ထဲကရေခဲတွေထွက်ချင်တယ်ဆိုရင် တကယ့်ကျင့်စဉ်မှာ ရေထဲကိုရေခဲထည့်ထားကာ



ရေခဲကိုစိတ်စွမ်းအင်ဖြင့်အရည်မပျော်အောင်ထိန်းထားတာမှတစ်ဆင့် စတင်ကြရမှာပါ။ ယခုကဲ့သို့သော ကျင့်စဉ်များသည် အမှန်တကယ်ရှိသော်ငြားလည်း အလွန်ခဲရာခဲဆစ်ကျင့်ကြံမှသာ ရနိုင်သောအရာများဖြစ်သလို မိမိလေ့လာလိုပါကလည်း ကျင့်စဉ်အလွဲများနှင့် မတွေ့မိရန်မှာ လည်း အလွန်ပင်အရေးကြီးလှပါတယ်။

အစီအရင်လုပ်တိုင်း ခန္ဓာကိုယ်ကနေ အတွင်းအားလိုအလင်းတန်းတွေဖြာထွက်တာနဲ့ပတ်သတ်လို့ တော်တော်များများက မဖြစ်နိုင်ကြောင်း ဆိုကြပြန်ပါတယ်။ တကယ်တမ်းမှာတော့ ကျွန်တော်တို့ အစီအရင်လုပ်တာမှမကဘူး ကျွန်တော်တို့လုပ်သမျှအရာအားလုံးပေါ်မူတည်လို့ မတူညီတဲ့အရောင် တွေရှိကြသလို ခန္ဓာကိုယ်မှာလည်း Aura လို့ခေါ်တဲ့ ကိုယ်ရောင်ကိုယ်ဝါရှိကြပါတယ်။ ကျွန်တော်တို့ သူများကိုထိခိုက်စေလိုစိတ်ဖြစ်နေချိန်၊ စိတ်ထိခိုက်ခံစားနေရချိန်၊

ကံဆိုးနေချိန်တို့မှာ Aura လို့ခေါ်တဲ့ ကိုယ်ရောင်ကိုယ်ဝါဟာ မေးမှိန်စပြုလာပါတယ်။ ကျွန်တော်တို့မှာ ကိုယ်ရောင်ကိုယ်ဝါရှိတယ်ဆိုရင် ဘာကြောင့်မမြင်ရတာပါလဲ..။ ကျွန်တော်တို့ လူသားတွေစာ အသံကို 20Hz ကနေ 20000Hzအတွင်းကြားရသလိုမျိုးပဲ အမြင်မှာကန့်သတ်ချက်ရှိပါတယ်။ တကယ်၍ သင်မယုံဘူးဆိုလျှင် သင့် အိမ်မှ Remote တစ်ခုခုကိုယူပါ။ နှစ်သက်ရာခလုတ်တစ်ခုခုကိုနှိပ်ပြီး Remote ထိပ်က မီးသီးလေးကိုကြည့်လိုက်ပါ။ မီးသီးလေးက Signal ထွက်သွားပေမယ့် သင်မမြင်လိုက်ရပါဘူး။ သင့်ဖုန်းကင်မရာကိုဖွင့်ပြီး Remote ထိပ်က မီးသီးလေးကိုပြန်ချိန်ထားပါ။ Remote ခလုတ်ကိုနှိပ်ကြည့်လိုက်ပါ။ ထိပ်ကမီးသီးလေးလင်းနေတာကို ကင်မရာမှတစ်ဆင့်မြင်ရပါလိမ့်မယ်။

ခွေးများအပါအဝင် တိရိစ္ဆာန်အချို့ဟာ လူတို့ရဲ့ aura ကိုကြည့်ပြီး စိတ်ကိုမှန်းဆနိုင်ကြပါတယ်။ ခွေးများဆိုလျှင် ကံဆိုးသောသူ၊ စိတ်ထားညံ့သောသူ၊ (Auraအရောင်မှိန်နေသောသူ)တို့ကိုမြင်လျှင် အလွန်အမင်းဟောင်တတ်ကြပါတယ်။ ဒါကြောင့် ကံဆိုးလျှင် ခွေးကိုက်ခံရတယ်လို့ လူတွေပြောကြပါတယ်။

အရာဝတ္ထုများကို ထိန်းချုပ်ခြင်းတွင်လည်း ခန္ဓာကိုယ်အတွင်းဓာတ်ကိုထိန်းချုပ်၍ ပစ္စည်းများကိုထိန်းချုပ်ခြင်းနှင့် စိတ်စွမ်းအင်ဖြင့် ထိန်းချုပ်ခြင်း နှစ်မျိုးဖြင့် အဓိကထိန်းချုပ်နိုင်သောကြောင့် အရာဝတ္ထုများ အလိုအလျောက်ရွေ့လျားအောင်စွမ်းဆောင်နိုင်စွမ်းမှာ မဖြစ်နိုင်ဘူးဟု ပြော၍မရနိုင်ချေ။ ယခုဆိုလျှင် သိပ္ပံပညာရှင်များမှ စိတ်ဖြင့်ထိန်းချုပ်နိုင်စေသော အရာများကိုစမ်းသပ်ကာ တီထွင်နေကြပြီလည်းဖြစ်သည်။

မှော်ပညာသုံးရင် ပါဝါလည်းထွက်ပါသည်။ သို့သော်မမြင်ရနိုင်ပါ။ ချက်ချင်းသက်ရောက်နိုင်ပါသည်။ သို့သော် သက်ရောက်လိုပါက သေသေချာချာ လေ့ကျင့်ရမည်ဖြစ်သလို ထိုးထွင်းသိမြင်နိုင်စွမ်းကိုအသုံးချမှသာ မည်သို့လုပ်ပါက မည်သို့မြန်မြန်သက်ရောက်မည်ကိုသိမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။

ဝေဖန်စာ အကြံပြုစာများ

ပေးပို့လိုပါက

magickmyanmar@gmail.com

သို့ပေးပို့နိုင်ပါသည်။